
www.dhammadownload.com




# ဝိပဿနာကျင့်စဉ်

၂၂

ဟောကြားသည့်နေ့
၃၀ – ၈ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၈)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူခဲ့သောတရားတော်

# ဝိပဿနာကျင့်စဉ်

ဟောကြားသည့်နေ့

(၃၀–၈–၆၁)

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၂၇/၉၈) (၄)

ထုတ်ဝေသူ

ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

ပုံနှိပ်သူ

ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊
အမှတ် ၈၄၊ လမ်း (၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူခဲ့သောတရားတော်

# ဝိပဿနာကျင့်စဉ်

ဟောကြားသည့်နေ့ (၃၀-၈-၆၁)

အလုပ်စဉ် ဝိပဿနာတရားကို ယနေ့ထပ်ပြီးသကာလ ဒကာ ဒကာမတွေ နာရလိမ့်မယ်လို့ အောက်မေ့ရမယ်နော်… (မှန်ပါ)။

## အလုပ်စဉ် ဝိပဿနာတရား

အလုပ်စဉ်သည် အင်မတန်မှ အရေးကြီးတယ်လို့ မှတ်ကြပါ …(မှန်ပါ) အလုပ်နဲ့မှပဲ လူတစ်ယောက်မှာ ပစ္စည်းရှိတယ်ဆိုတာ အလုပ်အမှီပြုပြီး ရှိတာပဲ။ လူတစ်ယောက်မှာ ဂုဏ်ကျက်သရေ တက်လာတယ်ဆိုတာလည်း သူ့အလုပ်အမှီပြုပြီးသကာလ

www.dhammadownload.com



တက်လာတာပဲ...(မှန်ပါ)။

ဘုရားဖြစ်လာတယ်လို့ ဘုရားတည်းဟူသော ဂုဏ် အလုံးစုံသိတဲ့ ကိုယ်တော်မြတ်ကြီးလို့ ဂုဏ်တက်လာတာလည်း ပါရမီဆယ်ပါး အပြားသုံးဆယ်ဆိုတဲ့ အလုပ်ကို အမှီပြုပြီး တက်လာကြတာပဲ...(မှန်ပါ့ဘုရား)။

ဒီ ဒကာ ဒကာမတွေလည်း မအို, မသေ, အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်ချင်တယ်၊ ရချင်တယ်ဆိုလို့ရှိရင်လည်း အလုပ် က ပို့ရမှာပဲ့...(မှန်ပါ့ဘုရား)။

## ဒုလ္လဘ တရားတွေ ပြည့်စုံပြီ

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ ဟောမည့် အလုပ်စဉ်ကိုဖြင့် သြော်...ငါတို့ ဒီအတိုင်းလုပ်လို့ရှိရင် ဒီလို မရ မရောက်မရှိပါလား၊ ရောက်ရမည့် ဝတ္ထုပစ္စည်းတစ်ခု ဆိုသလို ပဲ ငါတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သာသနာတွင်း ကြုံ၊ ဆရာကောင်းသမားကောင်း ကြုံ၊ ထောင်တတ်တဲ့ နားက လည်း ကြုံဆိုတဲ့ ဒုလ္လဘတွေက စုံပြီးသကာလ နေသောကြောင့် ငါတို့ဖြင့် လုံ့လဝီရိယမလျှော့ဘဲ အားထုတ်ကြမယ်ဆိုလို့ ရှိရင်ဖြင့် မအို, မသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီး မရ,မရှိဘူးဆိုတာ ဒကာသစ်တို့ ဒကာကြွယ်တို့ ဆုံးဖြတ်ချက်ချပ့ါ...(မှန်ပါ့ဘုရား)။

www.dhammadownload.com



အဲဒီတော့ ဒီဟာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ သူ ဘယ်လိုဟောလိုက်သတုံး မေးတဲ့အခါကျလို့ရှိရင်ဖြင့် ငါသည်တဲ့ မင်းတို့အား အလုပ်အမှီပြုပြီးသကာလ ငါလည်း ဘုရားအဖြစ်သို့ ရောက်လာတယ်၊ မင်းတို့သည်ကားလို့ဆိုရင် အလုပ်အမှီပြုပြီးသကာလ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ဖို့၊ ဒုက္ခခပ်သိမ်း ငြိမ်းဖို့ဟာ အလုပ်အမှီပြုပြီးသကာလ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ဟောချင်တော့ ဒကာကြွယ်တို့ မှတ်စရာက မည်သူတစ်ဦးတစ်ယောက်မှ မတောင်းပန်ဘူး ...(မှန်ပါ့ဘုရား)။

## သူတစ်ပါးအကျိုးငှာ ဘုရားဖြစ်လာတယ်

သက်သက် ဒီဥစ္စာ ဒကာ ဒကာမတွေ ဘုရားဖြစ်လာတယ်ဆိုတာ သူတစ်ပါး အကျိုးပါနော်...(မှန်ပါ့)။

သူတစ်ပါးအကျိုးပါတဲ့၊ သူ့ဟာသူ နိဗ္ဗာန်ယူရင် သုမေဓါလက်ထက်က ရပါတယ်ဆိုတာ သိပြီးသားပါ...(မှန်ပါ့) သူတစ်ပါးအကျိုးငှာဆိုပြီးသကာလ ငါဘုရားအဖြစ်ကိုယူတာ သူတစ်ပါးအား အလုပ်စဉ်ပြုပြီးသကာလ ကယ်တင်တော့မယ်ဆိုတဲ့ စိတ်ထားနဲ့ မည်သည့်ရဟန်း မည်သူ့ကိုအကြောင်းပြုပြီးသကာလ ဟောတဲ့တရားမဟုတ်ဘဲနဲ့ ဒကာ ဒကာမတွေအပေါ် သက်သက် ဒီအလုပ်စဉ်နဲ့ ဒီအလုပ် လုပ်လို့ရှိရင် ဒီခရီးနဲ့ ဒီဌာနကို

www.dhammadownload.com



ဖြင့် မရောက်မရှိနိုင်တဲ့အကြောင်းကို သေသေချာချာ သိစေလို သောကြောင့် ကိုယ်တော်မြတ်ကြီးသည် အလုပ်စဉ်တရားရယ်လို့ ဒကာကြွယ် သတ်သတ်မှတ်ထားပါ ...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလုပ်စဉ် ဟာ ဘယ်လိုလုပ်ရပါလိမ့်မတုံးလို့ မေးနေမှာလဲ စိုးတဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အလုပ်စဉ် ဒီအတိုင်းလုပ်ရ ပါတယ်ကွာ...တဲ့...(မှန်ပါ့ဘုရား)။

ရတော့ ဘယ်လိုရမှာတုံးလို့ မေးတဲ့အခါ ဒီအကြောင်း ပါဠိတော်မှာ ဘုရားဟောတာက ဒိဋ္ဌေဓမ္မပစ္စက္ခမှာ ရ, ရမယ်လို့ သေသေချာချာဟောတယ်...(မှန်ပါ့ဘုရား)။

## တစ်ခွန်းနဲ့ အမှန်ပြောတယ်

ဒိဋ္ဌေဓမ္မပစ္စက္ခမှာပဲ ဒကာ ဒကာမတို့ အလိုရှိတဲ့ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်,ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်, ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ၊ သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒိဋ္ဌေဓမ္မ ရလိမ့်မယ်ကွာ၊ ယခု ပစ္စက္ခ ဘဝမှာပဲ ရပါလိမ့်မယ်၊ ပစ္စက္ခ ခဏာ ...ါလိမ့်မယ်ဆိုတဲ့အကြောင်းကို အဒ္ဓစ္ဆဝစနံ ဗုဒ္ဓါနံ ဆိုတဲ့ ...က်ကြီးသည် နှစ်ခွန်းမပြောဘဲ

...

www.dhammadownload.com



ကြောင့် ဒကာ ဒကာမတွေကတော့ သြော်...တို့သည် ယခု ဟောဆိုပြောလတ္တံ့ဖြစ်တဲ့ အလုပ်စဉ်အတိုင်း ငါတို့ လုပ်ရကိုင်ရ လို့ရှိရင်ဖြင့် နှစ်ခွန်းမပြောဘဲနဲ့ တစ်ခွန်းအမှန်ပြောတဲ့ ကိုယ်တော် မြတ်ကြီး၏ စကားဖြစ်လေသောကြောင့် ငါတို့ ဒီအလုပ်စဉ်ကို လုပ်ရလို့ရှိရင် မရမရှိဘူးဆိုတဲ့ ဝိစိကိစ္ဆာ အကုန်ဖျောက်ပြီး သကာလ မုချဧကန်ရိယစိုက်၍ ရ,ရလိမ့်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီး သကာလ မှတ်လည်းမှတ်၊ နာလည်းနာ လုပ်လည်း လုပ်ရလိမ့် မယ် ...(မှန်ပါ)။

## အလုပ်စဉ်ပြတ်ရေး

ကိုင်း ...ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးကို ဒကာ ဒကာမ တို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အလုပ်စဉ် ဟောပါ တော့မည်ဆိုတဲ့အတိုင်း ဘုန်းကြီးများက ဘုရား၏တပည့်သား ဖြစ်သည့်အတွက် အဲဒီကနည်းတွေ ပါဠိတော် မချို့မယွင်းမူ၍ အလုပ်စဉ်ပြတ်ရေးကိုပဲ ဒကာ ဒကာမတွေက သေသေချာချာ မှတ်ရလိမ့်မယ်...(မှန်ပါဘုရား)။

**"ဣဓဘိက္ခဝေ အရိယသာဝကော ဝေဒနာယပိ အနိစ္စာ နုပဿီ ဝိဟရတိ၊ အနိစ္စသညာ အနိစ္စပဋိသံဝေဒီ သတတံ သမိတံ အဗ္ဗော ကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယ ပရိယော**

www.dhammadownload.com



ဂါဟမာနော သော အာသဝါနံ ခယာ အနာသဝံ စေတော ဝိမုတ္တိံ ပညာ ဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ ဝိဟရတိ"

ဒါ သူ့ပါဠိတော်အကုန်ပဲ..(မှန်ပါ့ဘုရား)။

ဒါ ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်က ဟောတဲ့ ပါဠိတော် ဒကာသစ်တို့ ဒကာကြွယ်တို့က မှတ်လိုက်တာပေါ့... (မှန်ပါ့ဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်ဆိုတော့ ပါဠိက ပါဠိတော် တတ်တာက တစ်ပါးသော သာဝကတွေ ဟောတာမဟုတ်ဘဲနဲ့ ကိုယ်တော်တိုင်ပြော၊ ကိုယ်တော်တိုင်ဟောတာလို့ ဒကာကြွယ် မှတ်ထား ...(မှန်ပါ့ဘုရား)။

## သတိပဋ္ဌာန်လေးပါး

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ သတိပဋ္ဌာန်လေးပါး ရှိတယ်...(မှန်လှပါ) သတိပဋ္ဌာန်လေးပါး ရှိတော့ကို ဒကာ ဒကာမတို့ သတိပဋ္ဌာန်လေးပါးက ကိုယ်ကိုရှုရတာက ကာယာနုပဿနာ ...(မှန်ပါ့)။

(၁) ရုပ်တွေရှုရတာက ဘာတဲ့...(ကာယာ နုပဿနာ ပါဘုရား)

www.dhammadownload.com



(၂) ဝေဒနာတွေ ရှုတာက ဝေဒနာနုပဿနာ... (မှန်လှပါ)

(၃) စိတ်တွေ ရှုတာက စိတ္တာနုပဿနာ...(မှန်ပါ)

(၄) သစ္စာမြင်အောင် ရှုတာက ဓမ္မာနုပဿနာ... (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် သတိပဋ္ဌာန်လေးပါးရှိတယ်၊ ဒြော်... ဒီ သတိပဋ္ဌာန်လေးပါးကို ဒကာ ဒကာမတို့သည် ရှုရတော့မယ် ...(မှန်ပါ)။

## အလုပ်စဉ်မှာ (၃) မျိုးရှိတယ်

ရှုရတော့မယ်လို့ဆိုတော့ ဒီလိုလည်း ရှေ့ပိုင်းက မှတ်ပါဦးတဲ့၊ ဆရာဘုန်းကြီးက အကူအညီ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာတွေက နှစ်ခုလောက်ပေါင်းပြီး ဆက်ပြီး ပြောရလို့ရှိရင် ပိုမိုပြီးသကာလ အဓိပ္ပာယ်မှာ ဒကာ ဒကာမတွေ လေးနက်တာလည်းတစ်ကြောင်း အလုပ်စဉ်မှာ ပိုမိုပြီးသကာလ ခရီးတွင်ကျယ်မှု ရှိတာကလည်းတစ်ကြောင်း ဖြစ်လေသော ကြောင့် ဒကာ ဒကာမတွေ ရှေးဦးစွာ မှတ်ရမှာက...

(၁) သတိပဋ္ဌာန်တစ်မျိုးလို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)

www.dhammadownload.com



(၂) သတိပဋ္ဌာန ဘာဝနာတစ်မျိုးလို့ မှတ်လိုက်စမ်း ပါ...(မှန်ပါ့ဘုရား)

(၃) သတိပဋ္ဌာန်၏ လမ်းဆုံးအကျင့်တစ်မျိုးလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့ဘုရား)။

ဘယ်နှစ်မျိုးရှိပါလိမ့် ...(သုံးမျိုးပါဘုရား)၊ အေး ... ဒါကြောင့် ယနေ့သည် အင်မတန်မှ ဒကာ ဒကာမတွေ အား အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ ခြံရံနေရတော့ သေရမည့် ခန္ဓာကိုယ်ကြီး ရ ထားလို့ သေရမှာကလည်း အချိန်မရွေးဖြစ်နိုင် တယ်...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အသေကို ကယ်ယူနိုင်တာ၊ အအိုကို ကယ်ယူ နိုင်တာ၊ အနာကို ကယ်ယူနိုင်တာဖြင့် ဒကာ ဒကာမတို့ ဒီအကျင့် တရားပဲရှိတော့တယ်...(မှန်လှပါဘုရား)။

ဒီအကျင့်တရားက သတိပဋ္ဌာန်ကို ရှေးဦးစွာကျင့်ပါ... (မှန်ပါ့) ပြီးတော့မှ သတိပဋ္ဌာနဘာဝနာကို ကြိုးစားပြီး သတိ ပဋ္ဌာန် လမ်းဆုံးကို နောက်ဆုံးပိတ်လိုက်ရတာပေါ့...(မှန်ပါ့)

## သတိပဋ္ဌာန်

ကိုင်း ...ဒါဖြင့် ရှေ့ပိုင်းက သတိပဋ္ဌာန် ဟောရတော့မယ် ဆိုတော့ ဝေဒနာတွေ ပေါ်တိုင်း ပေါ်တိုင်း ဩော်...ဒါတွေ သိသိ–

www.dhammadownload.com



သိသိနေလို့ရှိရင်ဖြင့် သတိပဋ္ဌာန်လို့သာ မှတ်လိုက်...(မှန်ပါ့ဘုရား)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိနေရင်...(သတိပဋ္ဌာန်ပါဘုရား) ဩော်...သတိပဋ္ဌာန်ဆိုတာ ပေါ်တိုင်းသိတာ သတိပဋ္ဌာန် ...(မှန်ပါ့)။

ပေါ်တိုင်းသိတာ...(သတိပဋ္ဌာန်ပါဘုရား) စိတ်တွေ ပေါ်တိုင်း-ပေါ်တိုင်း သိနေရင်...(သတိပဋ္ဌာန်ပါဘုရား) သတိပဋ္ဌာန်ပဲလို့ ဒကာသစ်တို့ သေသေချာချာမှတ်ပါ...(မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒါဖြင့် သတိပဋ္ဌာန်ကဖြင့် ဘုရားတပည့်တော်တို့ ပေါ်တိုင်း ပေါ်တိုင်း သတိထားရင် သတိပဋ္ဌာန်ဖြစ်တာပါပဲဆိုတာဖြင့် သံသယမရှိတော့ပါဘူး ...(မှန်ပါ့)။

## သတိပဋ္ဌာန ဘာဝနာ

ကောင်းပြီ...ဒါဖြင့် သတိပဋ္ဌာနဘာဝနာကို ဒကာကြွယ်ပြောဦးမယ်...(မှန်ပါ့) သတိပဋ္ဌာန ဘာဝနာဆိုတာကတော့ ဝေဒနာတို့၏ ပေါ်တာရော၊ ပျက်တာရော ရှုလို့ရှိရင်ဖြင့် ဖြစ်ပျက်မိလို့ရှိရင်ဖြင့် စိတ်ကလေး၏ ပေါ်တာရော၊ ပျက်တာရော (ဝါ) ဖြစ်ပျက်မိလို့ရှိရင်ဖြင့် နှစ်ခုစလုံးမိလို့ရှိရင် သတိပဋ္ဌာန ဘာဝနာဖြစ်ပြီလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ထူးခြားမလာဘူးလား ...

www.dhammadownload.com



(ထူးခြားပါတယ်ဘုရား)။

ခုနင်ကတော့ ပေါ်တိုင်း – ပေါ်တိုင်း သိရင် သတိပဋ္ဌာန် ...(မှန်ပါ) ပေါ်တဲ့ တရားကလေးတွေ၏ ဖြစ်မှု ပျက်မှုကိုသိရင် သတိပဋ္ဌာနဘာဝနာ...(မှန်ပါ) သေသေချာချာ မှတ်ပါ ဒကာ ဒကာမတို့...(မှန်ပါ)။

စိတ်ကလေးတွေ ပေါ်တိုင်းပေါ်တိုင်းသိရင် ဘာဆိုကြမယ်...(သတိပဋ္ဌာန်ပါဘုရား) သတိပဋ္ဌာန်ပဲ ရှိသေးတယ်... (မှန်ပါဘုရား)။

စိတ်ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း သိရင်... (သတိပဋ္ဌာန်ပါဘုရား)။

## အဖြစ်ရော အပျက်ရော သိရမယ်

ဒီပေါ်တဲ့ ဓမ္မကလေးတွေကို တပည့်တော်တို့က သိပုံက ဘုရားပေါ်လည်းသိ ပျက်လည်းသိ၊ အဖြစ်ရော အပျက်ရောဖြင့် တပည့်တော်တို့ မြင်ပါတယ်ဘုရား ဆိုလို့ရှိရင်ဖြင့် သတိပဋ္ဌာန ဘာဝနာဖြစ်ပြီ...(မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

ပေါ်တိုင်း ပျက်တိုင်း သိလို့ရှိရင်ဖြင့် ...(သတိပဋ္ဌာန ဘာဝနာပါဘုရား) သတိပဋ္ဌာနဘာဝနာဖြစ်ပြီ...(မှန်ပါ)။

www.dhammadownload.com



ကောင်းပြီ..ဒါဖြင့် သြော် ဒီ...ဖြစ်ပျက်သိရင် သတိပဋ္ဌာန ဘာဝနာပါကလား ...(မှန်ပါ့ဘုရား) ရှင်းပလား ...(ရှင်းပါပြီ ဘုရား)။

သတိပဋ္ဌာနဘာဝနာဆိုတာ ဘာကိုမြင်မှပါလိမ့်...(ဖြစ်ပျက်မြင်မှပါဘုရား) ဖြစ်ပျက်မြင်လို့ရှိရင်ဖြင့် ဒကာကြွယ်ရေ သတိပဋ္ဌာနဘာဝနာဖြစ်ပြီ...(မှန်ပါ့)။

## သတိပဋ္ဌာန်လမ်းဆုံး

**နောက် တတိယအချက်ကတော့ သတိပဋ္ဌာန ဘာဝနာ ဂါမိ နီ ပဋိပဒါ သတိပဋ္ဌာနဘာဝနာ၏ ရောက်ရာ ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း အစစ်ဖြစ်တာကတော့** (ဝါ) သတိပဋ္ဌာန်လမ်းဆုံး ဖြစ်တာကတော့ဖြင့် ဒကာ ဒကာမတို့ **ဒီဖြစ်ပျက်ကလေးတွေ ဆုံးပြီးသကာလ မိမိသန္တာန်မှာ မဂ္ဂင် ရှစ်ပါး ပေါ်လာလို့ရှိရင် ဒါဟာ သတိပဋ္ဌာန်လမ်းဆုံးပါပြီ** ...(မှန်ပါ့ဘုရား)။

## မဂ္ဂင်ရှစ်ပါးပြည့်သွားရင်

ဖြစ်ပျက်ကလေးတွေလည်းဆုံး၊ မိမိတို့သန္တာန်မှာလည်း မဂ္ဂင်ငါးပါးက ရှစ်ပါးပြည့်သွားရင် ဘယ့်နှယ်ဆိုကြမယ်...(သတိပဋ္ဌာန်လမ်းဆုံးပါဘုရား) သတိပဋ္ဌာန်လမ်းဖြင့် ဆုံးပေါ့...(မှန်ပါ့)

www.dhammadownload.com



သဘောကျပလား ..(ကျပါပြီဘုရား)။

ဒါ သေသေချာချာမှတ်ပါ၊ ဒါ အလုပ်စဉ်မို့ ရကော်ဒါ (အသံဖမ်းစက်) ထဲမှာလည်း အမှန်အကန်ဖြစ်အောင်လို့ ဒကာ သစ်ရေ အရေးတကြီး ပြောနေတယ်...(မှန်ပါ)။

တစ်ခါက် ပြန်ပြောပါဦးမယ်...၊ သတိပဋ္ဌာန် သတိ ပဋ္ဌာနဘာဝနာ သတိပဋ္ဌာန်လမ်းဆုံးဆိုတာ သုံးမျိုးရှိတယ်... (မှန်ပါဘုရား)။

## သတိပဋ္ဌာန်ပဲ ဖြစ်ပါသေးတယ်

စိတ်ရှုတဲ့ ပုဂ္ဂိုလ်သည် စိတ်ပေါ်တိုင်း ပေါ်တိုင်း ဘာစိတ် ဘာစိတ် တစ်ခါတည်း ပေါ်ပြန်ပြီ ပေါ်ပြန်ပြီလို့ သူက အပျက် မလိုက်ဘဲနဲ့ တစ်ခါတည်း သိမှတ်ပြီးသကာလ နေလို့ရှိရင်ဖြင့် သတိပဋ္ဌာန်ပဲ ဖြစ်ပါသေးတယ်...(မှန်ပါ) ရှင်းပြီနော်...(ရှင်းပါပြီ ဘုရား)။

## သတိပဋ္ဌာန ဘာဝနာ ဖြစ်ပါပြီ

ဒီတရားလေးတွေကို ဒကာ ဒကာမတွေ ကြိုးစားပြီး သကာလ ကြည့်ဖန်များလာတော့ ဩော်...ပေါ်တာလည်း တွေ့လိုက်၊ ပျက်တာလည်းတွေ့လိုက်၊ ပေါ်လို့ပျက်တာပဲ၊

www.dhammadownload.com



ဖြစ်လို့ ပျက်တာပဲလို့ ဖြစ်ပျက်နှစ်ခု တွေ့လိုက်လို့ရှိရင်ဖြင့်တဲ့ သတိပဋ္ဌာနဘာဝနာဖြစ်ပါပြီ...(မှန်ပါ့ဘုရား)။

**"သမုဒယ ဓမ္မာနုပဿီ ဝါစိတ္တသ္မိံ ဝိဟရတိ၊ ဝယ ဓမ္မာ နုပဿီဝါစိတ္တသ္မိံ ဝိဟရတိ"** ...တဲ့၊ ဝေဒနာမှာလည်း ထို့အတူပဲ၊ ဒီလိုဖြစ်မှုပျက်မှုတွေ့လို့ရှိရင်ဖြင့် ဒကာသစ်တို့ ဘာ ခေါ်ကြမယ်...(သတိပဋ္ဌာနဘာဝနာပါ ဘုရား) ဘာဝနာဖြစ်သွား ပြီနော်...(မှန်ပါ့)။

ဒါဖြင့် သတိပဋ္ဌာန်အကျင့်ဟာ ဘုရား ဒီလိုပဲပွားများ နေရတယ်။ ဘာဝနာ့ဆိုတာ ပွားများရတာ၊ ဘယ်တော့မှ လမ်းဆုံးမှာတုံးလို့ မေးတဲ့အခါကျတော့ ၎င်းအဖြစ်အပျက် ကလေးတွေကလည်း ရှေ့ပိုင်းကချုပ်...(မှန်ပါ့) နောက်ကလည်း မဂ္ဂင်ရှစ်ပါးပြည့်...(မှန်ပါ့) သတိပဋ္ဌာန ဘာဝနာတုန်းကတော့ ငါးပါးရှိသေးတာကိုး ...(မှန်ပါ့)။

နောက်ကျတော့ ဒကာသစ်ရေ၊ ရှေ့ကဖြစ်ပျက်တွေက ဆုံးပြီးသကာလ သွားတော့ ဒီက မဂ္ဂင်ရှစ်ပါးက ရှုနေတာက ဓမ္မနိယာမအတိုင်း မဂ္ဂင်ငါးပါးက ရှစ်ပါးပြည့်စုံသွားတယ်... (မှန်ပါ့) ဒီငါးပါးအပေါ် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ ဒီ သုံးပါးဖြည့်လိုက်တယ်...(မှန်ပါ့)။

www.dhammadownload.com



ဒီသုံးပါးဖြည့်လိုက်တော့ ဒကာ ဒကာမတို့ မဂ္ဂင်ရှစ်ပါးပြည့်ပြီ…(ပြည့်ပါပြီဘုရား)။

## သတိပဋ္ဌာနဂါမိနီပဋိပဒါ

အဲဒါကျလို့ရှိရင် သတိပဋ္ဌာန်အကျင့်မှာဖြင့် ဒီဟာပြည့်စုံလို့ရှိရင် ဒီဟာလမ်းဆုံးတော့တာပဲ…(မှန်ပါ့ဘုရား)။

ဒါကြောင့် စာလိုတော့ဖြင့် **"သတိပဋ္ဌာနဂါမိနီပဋိပဒါ"** …(မှန်ပါ့) သတိပဋ္ဌာနဘာဝနာမှာတဲ့ သတိပဋ္ဌာန်ပွားလာတာကြာပါပြီ၊ **ဂါမိနီ**–နိဗ္ဗာန်သို့ ရောက်ပါတော့မယ်၊ **ပဋိပဒါ**–အကျင့်… (မှန်ပါ) သတိပဋ္ဌာန်တို့၏ လမ်းဆုံးဖြစ်တဲ့ ရောက်ရာရောက်ကြောင်း၊ အကျင့်ကဖြင့် ဖြစ်ပျက်တွေဆုံးပြီး မဂ္ဂင်ရှစ်ပါးပြည့်တာကိုဆိုပါတယ်…(မှန်ပါ့) ပေါ်ကြပလား …(ပေါ်ပါပြီဘုရား)။

## သံယုတ်ပါဠိတော်၏ ကျင့်စဉ်

ကဲ…ဒါဖြင့် ဩော်…ဒီလို လုပ်လိုက်ရလို့ရှိရင်ဖြင့် တို့သည် သတိပဋ္ဌာန်စ, တည့်ပြီး သတိပဋ္ဌာနဘာဝနာ ကြိုးစားလို့ သတိပဋ္ဌာန် လမ်းဆုံးဖြစ်တဲ့ ဖြစ်ပျက်ဒုက္ခသစ္စာကြီးချုပ်အောင်ရှုနိုင်လို့ မဂ္ဂင်ရှစ်ပါးပြည့်တယ်ဆို သတိပဋ္ဌာန်ကိစ္စဖြင့် လမ်းဆုံးတော့တာပဲဆိုတာ ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးမာဒင်တို့

www.dhammadownload.com



သေသေချာချာမှတ်ပါ...(မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အခု ဒါက သံယုတ်ပါဠိတော်၏ ကျင့်စဉ်ကို ပြောလိုက်ပါတယ်...(မှန်ပါ့)။

## အင်္ဂုတ္တိုရ်ပါဠိတော်၏ ကျင့်စဉ်

အင်္ဂုတ္တိုရ်ပါဠိတော်က ခုနင်က ရွတ်လိုက်တဲ့ ပါဠိတော်ကတော့ ဒကာကြွယ်ရေ...သူက သတိပဋ္ဌာန ဘာဝနာက စ,ပြတယ် ...(မှန်ပါ့) သတိပဋ္ဌာန ဘာဝနာက စ,ပြတယ် ဒကာ ဒကာမတို့။

"ဣဓ ဘိက္ခဝေ အရိယသာဝကော" ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤ ငါဘုရား သာနာတော်၌၊ အရိယ သာဝကော-ယခုကဲ့သို့ သိ, ကြား, လိမ္မာသော အရိယသာဝကသည်၊ ဝေဒနာယပိ-ဝေဒနာသုံးပါးရှိတယ်...(မှန်ပါ့) တစ်ပါးပါးကို တစ်ခါတည်း ရှေ့နားမှာ ဒါ-ဝေဒနာတွေ၊ အင်း ...သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ဝေနာချုံးလိုက်တော့ ဒကာကြွယ် သုံးပါးရှိတယ်...(မှန်ပါ့ သုံးပါးပါဘုရား)။

## ဝေဒနာသုံးပါး

ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးပါးပဲ လှည့်ရှိတယ်...(မှန်ပါ့) စိတ်ရှုလို့ရှိရင်လည်း စိတ်အတိုင်းပေါ့လေ...(မှန်ပါ့) ကဲ...ဒီနေ့တော့ ဝေဒနာနဲ့ပဲ စခန်းသွားကြပါစို့ဆိုတော့ သုခဝေဒနာ, ဒုက္ခ

www.dhammadownload.com



ဝေဒနာ, ဥပေက္ခာဝေဒနာနဲ့ ခန္ဓာကိုယ်ထဲမှာ သုခဝေဒနာက ချမ်းသာတာ...(မှန်လှပါ) ဒုက္ခဝေဒနာက ဆင်းရဲတာ...(မှန်ပါ့) ဥပေက္ခာဝေဒနာက အလတ်စားရှိတာ...(မှန်ပါ့)။

အဲဒီလိုကလေး သိထားတော့ သုံးပါးလည်း ပြိုင်မပေါ်ဘူး ...(မှန်ပါ့) တစ်ပါး တစ်ပါးစီပဲ ပေါ်တယ်...(မှန်ပါ့) အဲ... တစ်ပါးတစ်ပါးစီ ပေါ်တဲ့အခါကျလို့ရှိရင် သူ့ကို အရိယာ သာဝက ဖြစ်တဲ့ ပုဂ္ဂိုလ်က အခုလို ကြားဖူးနားဝရှိတဲ့ ပုဂ္ဂိုလ်က "**အနိစ္စာ နုပဿီ ဝိဟရတိ**" ဒါကလေးဟာ ဩော်...ဝေဒနာမဟုတ်ဘူး၊ သေသေချာချာ ငါရှုကြည့်တယ်၊ ဒါ အနိစ္စပဲလို့ ပညာယ–ပညာဖြင့်၊ **အနိစ္စာနုပဿီ**–အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိဟရတိ ပဝတ္တေတိ**– ဖြစ်စေပါ...(မှန်လှပါ)။

ဩော်...ဒါကလေးဟာ ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စကလေး ပါကလားလို့ ဒကာ ဒကာမတို့ ရှုပေးပါ...(မှန်လှပါ)။

## ဖြစ်ပျက်နေတဲ့ အနိစ္စလို့ ရှုပေးပါ

ဖြစ်ပျက်နေတဲ့...(အနိစ္စကလေးပါဘုရား) ဖြစ်ပျက်နေတဲ့ အနိစ္စကလေးပါလားလို့ ဆိုပြီးသကာလ ရှုပေးပါ...(မှန်ပါ့ဘုရား)။

www.dhammadownload.com



သြော်...ဒါဖြင့် ဖြစ်ပျက်နေတဲ့ အနိစ္စကလေးပါလားလို့ ဒကာ ဒကာမတွေက ဝေဒနာလို့ မလိုက်နဲ့တော့...(မှန်ပါ့) ဖြစ်ပျက်နေတဲ့ အနိစ္စကလေးပါကလားလို့ ဒကာကြွယ်တို့ ဒကာသစ်တို့ ရှုပေး ...(မှန်လှပါ)။

အဲဒီကဲ့သို့ ရှုပြီးသကာလ နေတဲ့အခါမှာလည်း ရှုရင်း ...ရှုရင်းက အနိစ္စသည် သြော်...အခုရှုနေတာ သက်သက်နဲ့ ဘာနဲ့မှ မရောဘူး၊ အနိစ္စလို့ပဲ အမှတ်ထားပြီးသာ ဒကာ ဒကာမတွေ ရှုနေပါ...(မှန်ပါ့) အနိစ္စလို့ပဲ အမှတ်ထားပါနော်...(မှန်ပါ့)။

## အနိစ္စလို့ မှတ်ပေးပါ

ဒကာ ဒကာမတွေ ပထမအနိစ္စလို့ ရှုရမယ်နော်...(မှန်ပါ့) ဒီ ငါရှုနေတာက တခြားလားမှတ်တယ်၊ အနိစ္စလို့ပဲ မှတ်ပါ... (မှန်လှပါ) ဒါတွေဟာ ဘာမှမဟုတ်ဘူး၊ ဝေဒနာလည်း မဟုတ်ဘူး၊ စိတ်လည်းမဟုတ်ဘူး၊ အနိစ္စသက်သက်ပဲလို့ မှတ်ထားလိုက်ပါ...(မှန်ပါ့) ဒါဖြင့် အနိစ္စလို့ရှု၊ အနိစ္စလို့ မှတ်ပေါ့ဗျာ... (မှန်ပါ့ဘုရား)။

အနိစ္စ ပဋိသံဝေဒီ–ပညာနဲ့ သြော်...ဒီဉစ္စာ တစ်ခါတည်း ဒကာ ဒကာမတွေက အနိစ္စလို့ပဲ သိပေးလိုက်ပါ...(မှန်ပါ့ဘုရား)

www.dhammadownload.com



ဒီတရားကလေးဟာ ဖြစ်ပြီးပျက်နေတာ ဘာတရားကလေးပါလိမ့်...(အနိစ္စပါဘုရား) အနိစ္စလို့ပဲ သိပေးလိုက်စမ်းပါ...(မှန်ပါ့ဘုရား)။

## အနိစ္စလို့ သိပေးပါ

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားက ဒီဖြစ်ပျက်နေတဲ့ ဓမ္မကလေးကို အနိစ္စလို့ရှုကွတဲ့...(မှန်ပါ့) ဉာဏ်ထဲကလည်း အနိစ္စလို့ပဲမှတ်ကွ...(မှန်ပါ့) သိတော့လည်း မင်းတို့ အနိစ္စလို့ပဲ သိထားနော်၊ ဒီလိုသတိပေးတယ်...(မှန်ပါ့)။

ဒီတရားကလေးဟာ ဘာနဲ့မှ မရောစေနဲ့၊ နိစ္စဒိဋ္ဌိတွေနဲ့ မရောစေနဲ့၊ သုခတွေနဲ့ မရောစေနဲ့၊ သုဘတွေနဲ့ မရောစေနဲ့၊ အတ္တတွေနဲ့ မရောစေနဲ့...(မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ ဒါကလေးဟာ အနိစ္စလို့ရှု၊ အနိစ္စလို့ပဲ မှတ်ထား ...(မှန်ပါ့) အနိစ္စလို့ပဲ ဉာဏ်နဲ့သိပါ...(မှန်ပါ့) ဒါ... မလွဲစေနဲ့နော်...(မလွဲစေပါဘုရား)။

ဝေဒနာရှုနေတယ်လို့ မလာနဲ့ ...(မှန်ပါ့) စိတ်ရှုနေတယ်လို့ မလာနဲ့ ...(မှန်ပါ့) ဩော်...ဒါကလေးဟာဖြင့် အနိစ္စလို့ရှုပြီး အနိစ္စလို့မှတ် အနိစ္စလို့ပဲ သိနေပါ ဒကာသစ်ရာ...(မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒီလိုနေပြီးသကာလ ဒကာ ဒကာမတွေက ဒီအတိုင်းသိပြီးသကာလ နေကြပါ...(မှန်လှပါဘုရား)။

အဲဒီတော့ ဘယ့်နှယ်ဖြစ်လာမတုံးလို့ ဆိုလို့ရှိရင် ပညာဟ ဝိပဿနာပညာဖြင့်၊ အစိမုစ္စမာနော–သြော်...ဒီဥစ္စာ အနိစ္စမို့ အနိစ္စဖြစ်တာပဲလို့ ဆုံးဖြတ်ချက် ခင်ဗျားတို့ ကျလာလိမ့်မယ်... (မှန်လှပါဘုရား)။

## အနိစ္စလို့ ဆုံးဖြတ်ချက်ကျလာလိမ့်မယ်

အင်း ...အနိစ္စမို့ (အနိစ္စ ဖြစ်တာပါဘုရား) အနိစ္စဖြစ်တာပဲလို့ ခင်ဗျားတို့ညဏ်ထဲမှာ ငါဘုရားဟာ မင်းတို့ကို သေသေချာချာဟောပါတယ်...တဲ့၊ မင်းတို့ ခုနင်က ပြောခဲ့တဲ့ သုံးချက်အလုပ်, လုပ်လိုက်ပြီဆိုရင် အနိစ္စလို့ ဆုံးဖြတ်ချက် မင်းတို့ညဏ်ထဲ ကျသွားလိမ့်မယ်တဲ့...(မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ပြန်ပြောလိုက်ပါမယ်၊ ဒီတရားကလေးဟာဖြစ်ပြီးပျက်နေတဲ့ တရားကလေးကို **အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ သိဖန်များလာတဲ့အခါကျလို့ရှိရင်ဖြင့်** ကိုယ့်ညဏ်ထဲမှာ ကိုပဲ ဒကာ ဒကာမတို့ ဆုံးဖြတ်ချက်ကျတယ်...(မှန်ပါ) ဘာမှ မရှိဘူး၊ **အနိစ္စသာ ရှိတာပဲဆိုတဲ့ ဆုံးဖြတ်ချက်** ဟာ တစ်ခါ

www.dhammadownload.com



တည်းကျတယ်...(မှန်ပါ့ဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

အနိစ္စလို့ ဆုံးဖြတ်ချက် ကျသွားပြီနော်...(မှန်ပါ့) ခုနင်က သုံးချက်နဲ့ကြိုးစားလိုက်တာကိုးဗျ...(မှန်ပါ့) အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်...(မှန်ပါ့) အနိစ္စလို့ သိလိုက်တာနဲ့ပဲ ရှုဖန်များပြီးနောက်ဆုံးပိတ် တက်လာတဲ့ ပညာက ဒကာသစ်ရေ...တစ်ခါတည်း ဘာမှမရှိဘူး၊ လောကကြီးထဲမှာဖြင့် အနိစ္စအစစ်သာရှိတယ်လို့ တစ်ခါတည်း ဆုံးဖြတ်ချက်ကျတယ်...(မှန်လှပါဘုရား)။

## အနိစ္စအစစ်သာ ရှိတယ်

အနိစ္စအစစ်သာ ရှိတယ်လို့ ဒကာ ဒကာမတွေ တစ်ခါတည်း ဆုံးဖြတ်ချက်ကျပါတယ်...(မှန်လှပါ) ခုနင်က ဉာဏ်နဲ့တူသေးရဲ့လား ...(မတူပါဘုရား) ခုနင်ကတော့ အနိစ္စရှိလို့ အနိစ္စပဲ ရှုတာ...(မှန်ပါ့) အနိစ္စလို့ပဲ မှတ်တုန်းပဲ...(မှန်လှပါဘုရား) အနိစ္စလို့ပဲ သိတုန်းပဲ...(မှန်လှပါ) ကိုယ့်ဉာဏ်က ဆုံးဖြတ်ချက်မချသေးဘူး ...(မှန်လှပါ)။

နောက် ရှုဖန်များလာတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော်...ပညာယ–ဝိပဿနာပညာဖြင့်၊ **အဓိမုစ္စမာနော–**

www.dhammadownload.com



အနိစ္စပဲ လို့ ဆုံးဖြတ်ချက်ချသည်ဖြစ်၍ သြော်... ဒါဖြင့် ခုနင်က သုံးချက်နဲ့ အလုပ်–လုပ်ပြီးတဲ့အခါကျတော့ ဒကာသစ်ရေ... တကယ့်အနိစ္စပဲလို့ ကိုယ့်ဉာဏ်ထဲမှာ သူများမပြောဘဲနဲ့ ဆုံးဖြတ်ချက် ချပစ်လိုက်တယ်...(မှန်ပါ့)။

သူများမပြောဘဲနဲ့ ...(ဆုံးဖြတ်ချက်ချပစ်လိုက်ပါတယ် ဘုရား)။

အေး ...သူများမပြောဘဲနဲ့ ဝိပဿနာမဂ္ဂင်ငါးပါးနဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ တစ်ခါတည်း ဆုံးဖြတ်ချက်ချလိုက်တယ်...(မှန်ပါ့) အနိစ္စအစစ်ပဲဆိုတဲ့ ဆုံးဖြတ်ချက်ချတာပဲ... (မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာက ပညာယအဓိမုစ္စမာနော– ဝိပဿနာ ပညာနဲ့ပဲ ဒကာသစ် ဆုံးဖြတ်ချက် ချလိုက်ပြီ...(မှန်ပါ့) ရှင်းပြီ နော် ...(ရှင်းပါပြီဘုရား)။

## အနိစ္စထဲချည့် ဉာဏ်သက်ဆင်းတယ်

ပညာနဲ့ ဆုံးဖြတ်ချက်ချပြီးတော့ နောက်ကျတော့ ဆုံးဖြတ်ချက်လည်း ချပြီးရော နောက်ရှုတဲ့ ဉာဏ်တွေက ဒကာ ဒကာမတို့ ကိုယ့်ဉာဏ်ဟူသ၍က ဘယ်အထဲမှ မသက်ဆင်းဘဲနဲ့

www.dhammadownload.com



ဒီအနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတော့တာပဲ...(မှန်ပါ)။

ဆုံးဖြတ်ချက်ကလည်း ချပြီးရော ဒကာသစ်ရေ... ကိုယ့်ဉာဏ်ကလေ...(အနိစ္စထဲ သက်ပါတယ်) အနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတယ်...(မှန်ပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ရှုဖန်များလို့ အနိစ္စလို့လည်း ဆုံးဖြတ်ချက်ချပြီးရော နောက်တော့ဖြင့် ခန္ဓာဉာဏ်လှည့်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း အနိစ္စထဲချည့် ဉာဏ်က သက်ဆင်းသွားတယ်...(မှန်ပါ) ဘယ်ဘက်မှ မသက်ဆင်းတော့ဘူး ...(မှန်လှပါ)။

သက်ဆင်းတယ်ဆိုတာ ဒကာ ဒကာမတို့ လူဟာ ရေဆင်းချိုးတယ်ဆိုတော့ ရေထဲဆင်းသလိုပေါ့ဗျာ...(မှန်ပါ) ဉာဏ်ကလည်း ဒကာ ဒကာမတို့ ဆုံးဖြတ်ချက်ချပြီးတဲ့ အချိန်က စပြီးသကာလ ဘာနဲ့မှ မရောဘဲနဲ့ တစ်ခါတည်း ဒကာ ဒကာမတွေ အနိစ္စဘက်သို့ပဲ သက်ဆင်းသွားပါတယ်...(မှန်ပါဘုရား)။

ပညာဝယ–ဝိပဿနာပညာဖြင့်၊ ပရိယောဂါဟမာနော = သက်ဆင်းသည်ဖြစ်၍၊ ဝိဟာရတိ–ပဝတ္တေတိ– ဒကာ ဒကာမတို့ ဖြစ်စေတော့တာပဲ...(မှန်ပါဘုရား)။

www.dhammadownload.com



ဩော်...ဒါဖြင့် ဆုံးဖြတ်ချက်ချပြီးတဲ့ ပုဂ္ဂိုလ်မှန်ရင် ဒီဉာဏ်သည် ဒကာ ဒကာမတို့ နောက်တစ်ဖန် ရှုတဲ့ဉာဏ်သည် အနိစ္စထဲမှတစ်ပါး ဘယ်မှ ဒီ ဝိပဿနာဉာဏ်က မသက်ဆင်းတော့ဘူးဆိုတာ သေသေချာချာမှတ်ပါ...(မှန်ပါ့ဘုရား)။

## ဘုရားပေးခဲ့တဲ့ အလုပ်စဉ်

တယ်အဖိုးတန်ပါလား ဒကာ ဒကာမတွေ ...(တန်ပါတယ်) ကြပ်ကြပ်စဉ်းစား ဒကာ ဒကာမတွေ၊ ဩော်...ဘုရားကိုက အလုပ်စဉ်ပေးခဲ့တာကိုး ...(မှန်ပါ့) "ရှေးဦးစွာ အနိစ္စလို့ရှုကွ၊ အနိစ္စလို့မှတ်ကွ၊ အနိစ္စလို့သိကွ၊ ပြီးတော့မှ အနိစ္စလို့ ဆုံးဖြတ်ချက်ချတဲ့ဉာဏ် မင်းလာလိမ့်မယ်"... (မှန်ပါ့) လာပြီးသည်၏အခြားမဲ့၌ မင့်ဉာဏ်သည် နောက်တစ်ခါ ရှုလိုက်လို့ရှိရင် အနိစ္စထဲသာ သက်ဝင်တော့တာပဲ၊ မင့်ဉာဏ် ဘယ်မှမသွားဘူး ...(မှန်ပါ့) ဒီလိုကို ဆုံးဖြတ်ချက်ချတယ်...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ဒီလိုဉာဏ်ကလေးက ဆုံးဖြတ်ချက်ချပြီးသည့်နောက် ဒီဉာဏ်သည် ဝိပဿနာဉာဏ်သည် ဒကာ ဒကာမတို့ အနိစ္စထဲသို့ပဲ ဆင်းသက်သွားတော့တယ်... (မှန်ပါ့) ရှင်းပြီးနော် ... (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ကောင်းပြီတဲ့၊ အဲဒီတော့ ဒီလိုဆင်းသက်အောင် တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုံး ဘုရားလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတွေ ဒါကလေး နည်းနည်း နားထောင်ပါ။

## ငါးမိနစ်၊ ဆယ်မိနစ် အမြဲလုပ်ပါ

**သတတံနိစ္စံ** – ဒါကလေးကတော့ဖြင့် အမြဲကလေး လုပ်ပေးပါတဲ့...(မှန်ပါ့) ငါးမိနစ်ဖြင့် ငါးမိနစ် အမြဲလုပ်ပေါ့ဗျာ... (မှန်ပါ့) ဆယ်မိနစ်ဖြင့်ဆယ်မိနစ် အမြဲလုပ်ပါ၊ **နိရန္တရံ**– အမြဲ မပြတ်တဲ့၊ **နိရန္တရံ** က မပြတ်...(မှန်ပါ့) သတတံက **နိစ္စံ**၊ သမိတံက **နိရန္တရံ** လို့ ဖွင့်ထားသောကြောင့် အမြဲမပြတ် ဒကာ ဒကာမတွေက **ငါးမိနစ်၊ ဆယ်မိနစ် ဒီထဲချည့် ဉာဏ်သက် နေပါစေ**...(မှန်ပါ့ဘုရား)။

ဒီလို ဉာဏ်သက်နေလို့ ရှိရင်ဖြင့်တဲ့၊ ဒကာ ဒကာမတွေ ဒီလိုဉာဏ်သက်ပြီးသကာလ အနိစ္စထဲမှာချည့် ဉာဏ်ကသက်ဝင် ဆင်းပြီးသကာလ နေတယ်၊ မပြတ်သက်ဝင် ဆင်းနေပြီဆိုရင်ဖြင့် ဒကာ ဒကာမတို့ အမေသေလို့ ကြေးနန်းလာလာ၊ အဖေသေလို့ ကြေးနန်းလာလာ မလျှော့လိုက်နဲ့ ...(မှန်ပါ့) မလျှော့ပါနဲ့တဲ့ ဒကာ ဒကာမတွေ မလျှော့ပါနဲ့တဲ့၊ အာသဝေါကုန်တော့မလို့ကိုးဗျ... (မှန်ပါ့ဘုရား)။

www.dhammadownload.com



## မလျှော့ပါနဲ့ မပြတ်လုပ်နေပါ

မလျှော့ပါနဲ့တဲ့ ဒကာ ဒကာမတို့နော်...(မှန်ပါ့) မပြတ်ဘဲ လုပ်နေပါ...(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးက ဒီဟာပြောရသလဲ၊ ဘုရားက ဒီဟာ ဟောရသလဲလို့ ဒကာ ဒကာမတွေက မေးလို့ ရှိရင်ဖြင့် ဒီနေရာမှာ ကိလေသာ ကြားခိုရင် ပျက်လိမ့်မယ်... (မှန်ပါ့ဘုရား)။

ဒီနေရာမှာ...(ကိလေသာ ကြားခိုရင် ပျက်လာလိမ့်မယ်) ဒကာ ဒကာမတို့ ကိလေသာ ကြားခိုတာလည်း သိပ်ကြောက်စရာကောင်းပါလား ...(ကောင်းပါတယ်) သူက ချက်ကောင်းမှ ကြားခိုတတ်တယ်ဆိုတာကိုလည်း ဒကာကြွယ်၊ ဒကာသစ် မှတ်စမ်းပါ...(မှန်ပါ့) ချက်ကောင်းမှ ဘာတုန်း ...(ကြားခိုတတ်ပါတယ်ဘုရား)။

ချက်ကောင်းမှ ကြားခိုမယ်ဆိုတာ ကိုယ်ကမပြတ်လုပ်မယ် ကဲ...ဘုရားကလည်း ဟောထားတယ်၊ ဉာဏ်က ဒီထဲချည့် စိုက်ခနဲ စိုက်ခနဲ သက်ဆင်းသွားပြီ အနိစ္စတွေချည့်ပဲ သက်ဆင်းသွားပြီ၊ အဲဒါ မပြတ်စေနဲ့လို့ ဘုရားကလည်းဟောတယ်၊ ဒီဟောတဲ့ အချိန်ကျမှ ဒကာ ဒကာမတွေမှာ အကြောင်းထူး ကိစ္စထူးဆို

www.dhammadownload.com



တဲ့ ဟာတွေ ပေါ်တတ်တယ်နော်...(ပေါ်တတ်ပါတယ်ဘုရား)။

## အခြားကိစ္စ မလာစေနဲ့

အဲဒီ ပေါ်လို့ရှိရင်ဖြင့် ဒါ စောစောကပဲ ဆရာဘုန်းကြီးက ဖြစ်တတ်တဲ့အကြောင်းမို့ သတိပေးထားလိုက်တယ်...(မှန်ပါ) မရောစေနဲ့ ...(မှန်ပါ) မလာစေနဲ့...(မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

"နိစ္စံ သမိတံ နိရန္တရံ အဗ္ဗောကိဏ္ဏံ" ဘုရားက ဟောတယ်၊ "အဗ္ဗောကိဏ္ဏံ အညေဟိ အသမ္ဘိသံ" လို့ အဋ္ဌကထာဆရာက ဖွင့်လိုက်တယ်...(မှန်ပါ) အညေဟိ– တစ်ပါးကုန်သော တရားတို့နှင့် အဗ္ဗောကိဏ္ဏံ– မရောပါစေနဲ့တဲ့ ...(မှန်ပါဘုရား)။

တစ်ခါတည်း ဉာဏ်ကလေးစိုက်စိုက် စိုက်စိုက်နေတဲ့ အခါ အမြဲမပြတ်သာ လုပ်နေတဲ့၊ တစ်ပါးသော တရားတွေ ရောကို မရောစေနဲ့တဲ့ ...(မှန်ပါ) သဘောကျပလား ...(ကျပါပြီ ဘုရား)။

## ဘာကိစ္စ ညာကိစ္စ မရောစေနဲ့

တစ်ပါးသော တရားတွေ...(မရောရပါ) ဘာကိစ္စ ညာကိစ္စတွေ တွေးလုံးလာတယ်၊ မရောစေနဲ့...(မှန်ပါ) မရောစေနဲ့ ဒကာ ဒကာမတို့ ဘေးက ပုဂ္ဂိုလ်တွေလည်း သတိပေးထား

www.dhammadownload.com



... (မှန်ပါ့ဘုရား)။

ဘယ်အကြောင်းမျိုးနဲ့မှ လာပြီးသကာလ ငါတရားအား ထုတ်နေတဲ့အချိန်ဖြင့် မလာပါနဲ့ ငါအချိန်စေတော့ ထလာလိမ့်မပေါ့။ အဲဒီအချိန်ကျမှ ပြောတာပေါ့...(မှန်ပါ့) ဘယ်လောက်အရေးကြီးကြီးကွာ ဆိုတဲ့ဥစ္စာ ပိတ်ထား ...(မှန်ပါ့) မလာဘူး လာခဲ့သော်ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ငါ နာရီဝက် အလုပ်ထိုင်မဟေ့...ဆိုတော့ ခုနင်က ညဏ်ကလေးက အနိစ္စထဲချည့် သက်ဝင်နေတယ်ဆိုပါတော့ ဒကာသစ်ရာ...(မှန်ပါ့) အဲဒီလို သက်ဝင်နေတဲ့အချိန် ဒကာ ဒကာမတို့ ကိုယ့်မိတ်ဆွေသင်္ဂဟ ဆွေမျိုးဉာတကာ ညော့်ကြီး စောင်ကြီးပေါ့ဗျာ...(မှန်ပါ့) ညော့်လေး စောင်လေးကတော့ ငဲ့သေးတယ်၊ ညော့်ကြီး စောင်ကြီးကတော့ တယ်မငဲ့ချင်ဘူး ...(မှန်ပါ့ ဘုရား)။

## စောစောက သတိပေးထား

အဲဒီလို လာပြီဆိုမှဖြင့် ဒကာ ဒကာမတွေက အစောကြီးကတည်းက သတိပေးထား ...(မှန်ပါ့) ဒီတရားထိုင်တာ ငါတစ်နာရီကြာမယ်, နာရီဝက်ကြာမယ်, နာရီငါးမတ်ကြာမယ် ဒီအချိန်ဖြင့်ကွာ...ကိုယ့်မိတ်ဆွေသင်္ဂဟတွေ ဆိုင်းထားလိုက်တာပေါ့...

www.dhammadownload.com



(မှန်ပါ့) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမ တို့ အလွန်ကြောက်စရာကောင်းလို့ ...(မှန်ပါ့ဘုရား)။

အလွန်ကြောက်စရာကောင်းလို့ဆိုတာ သဘောကျပလား ...(ကျပါပြီ) အလွန် ဘယ်လိုကြောက်စရာ ကောင်းပါလိမ့် မတုံးဆိုတော့ တစ်နေ့ကပြောခဲ့တယ် ဒကာသစ်တို့မှတ်မိပြီ... (မှန်ပါ့) သေယျဆိုတဲ့ ဒကာဟာ ဒါနကထာ, သီလကထာ, သမထတွေ ဟောနေတုန်းက သူကောင်းကောင်းနာတယ်... (မှန်ပါ့ဘုရား) ဝိပဿနာကို တကယ်အလုပ်ပေးတော့မည့် အချိန်ကို ဒကာ ဒကာမတို့ဟောမည်ကြံတော့မှ အိမ်က ကိစ္စရှိလို့ လာခေါ်သွားတယ်...(မှန်ပါ့) ကဿပဘုရားက ဟောလျက်ကိုး ... (မှန်ပါ့) သူက အိမ်ကကိစ္စရှိလို့ဆိုပြီး အိမ်သားတစ်ယောက်က လာခေါ်သွားတော့ လိုက်သွားတယ်...(မှန်ပါ့ဘုရား)။

## သေယျဖြင့် ရှုံးပဟော့

လိုက်သွားရတော့ ဒကာ ဒကာမတို့ သေယျလဲသွားပါရော သေယျဖြင့် ရှုံးပဟော့ ...(မှန်ပါ့) ဘုရားကိုက ပြောတော့ တာပဲ ...(မှန်ပါ့) သေယျ ရှုံးပြီတဲ့...(မှန်ပါ့ဘုရား)။

ကြည့် ဒကာ ဒကာမတို့ တစ်ပါးသောတရား ဝင်လာလို့ ...(မှန်ပါ့ဘုရား)။

www.dhammadownload.com



ဘာဝင်လာလို့တုံး ...(တစ်ပါးသောတရား ဝင်လာပါတယ်ဘုရား)။

"အညေဟိ အသမ္ဘိဿံ" ကိုး၊ အညေဟိ- တစ်ပါးသော တရားတို့နှင့်၊ အသမ္ဘိဿံ-မရောစေနဲ့တဲ့ ...(မှန်ပါ့) အခုတော့ အိမ်ကိစ္စနဲ့ ဝင်ရောလိုက်တယ်...(မှန်ပါ့ဘုရား) ရောလိုက်တော့ ဒီသေယျ လိုက်ပြေးရတယ်...(မှန်ပါ့) လိုက်ပြေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သေယျ ရှုံးပေါ့တဲ့...(မှန်ပါ့ဘုရား)။

ခဏဆိုင်းလိုက်လို့ရှိရင် သူ ဒီဘဝမှာ တစ်ခါတည်း အရိယာဖြစ်ရမယ်...(မှန်ပါ့ဘုရား)။

## ခဏဆိုင်းလိုက်ရင် အရိယာဖြစ်မှာ

ခဏလေး ဆိုင်းလိုက်ရင် ဘာဖြစ်မလဲ...(အရိယာဖြစ်ပါမယ်ဘုရား)။

ကိုင်း ...ဒကာ ဒကာမတို့ ဒါဟာ တစ်ပါးသော တရားရောလိုက်တဲ့ဖြစ်ခြင်း ဘယ်လောက်နာသတုံး ...(နာပါတယ်ဘုရား)။

တစ်ပါးသော တရားရောလိုက်တဲ့ဥစ္စာ ဒကာသစ် ဘယ်လောက်နာသတုံး ...(အများကြီး နာပါတယ်ဘုရား)။

www.dhammadownload.com



နစ်နာပုံကလေး ဒုက္ခ ဒုက္ခမတွေ့နည်းနည်းကလေး သံဝေဂလည်းရအောင် ဟုတ်လည်းဟုတ်၊ မှန်လည်းမှန်၊ နစ်နာချက်ပြင်းထန်တာလည်း သိရအောင် သာကေတစ်ခုပြမယ်၊ သေယျသည်တဲ့ ကျုပ်တို့ ဂေါတမဘုရားလက်ထက်ကျမှ လာကျွတ်တယ်...(မှန်ပါ)။

ဒါဖြင့် သေယျ အသားတွေ၊ အရိုးတွေကိုစုပုံပြီးသကာလ မပျက်မစီးဘဲနဲ့ ထားလို့ရှိရင် ဆယ့်သုံးမိုင်တက်ရမယ်...(မှန်လှပါဘုရား)။

သေယျဟာ အရိုးတွေ၊ အသားတွေ ပုံထားလို့ရှိရင် ဆယ့်သုံးမိုင်ထုလောက် သူ–အိုပွဲ၊ နာပွဲ၊ သေပွဲ ထပ်ခင်းရတယ်... (မှန်ပါ) တစ်ပါးသော တရားတွေ ရောလိုက်တာ တစ်ချက်တည်းနာချက် ဘယ်လောက်ပြင်းသတုံး ...(ပြင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက စကားအပြောကြီးလို့ မဟုတ်ပါဘူး၊ အမေသေတဲ့ ကြေးနန်းလာတောင် ဒုက္ခကြွယ် မပြလေနဲ့ ...(မှန်လှပါ)၊ အဖေသေတဲ့ ကြေးနန်းလာတောင် ...(မပြလေနဲ့) မပြလေနဲ့၊ ဒီဥစ္စာ နောက်လည်းသိရမှာပဲ ဘာထူးသတုံး ...(မှန်ပါ) ကိစ္စပြီးမှ သိရတော့ သာမကောင်းဘူးလား ...(ကောင်းပါတယ်ဘုရား)။

www.dhammadownload.com



## အသားအရိုးတွေ (၁၃) မိုင်

အခု သေယျမှာ ကြည့်စမ်း ဒကာ ဒကာမတို့ အိမ်ကကိစ္စ ရှိလို့ လိုက်ခေါ်တဲ့အတွက် ဘယ်လောက်နစ်နာသွားသတုံးဆို တော့ သူ့အသား၊ အရိုးတွေ ဆယ့်သုံးမိုင် တက်ရတယ်...(မှန်ပါ့) ဒါ...အသေကို မတွက်နိုင်တော့ဘူး၊ မိုင်နဲ့ပဲ တိုင်းပြရတယ်... (မှန်ပါ့) ဘယ်လောက်နစ်နာသွားတယ်ဆိုတာ ပေါ်ပလား ... (ပေါ်ပါပြီဘုရား) ဒါ...တစ်ပါးသောတရား ရောပစ်လိုက်တာ... (မှန်ပါ့ဘုရား)။

ဘာ ရောပစ်လိုက်တာတုံး ...(တစ်ပါးသောတရား ရော ပစ်လိုက်တာပါဘုရား)။

ဝိပဿနာ အလုပ်ထဲမှာ ဒကာ ဒကာမတို့ တစ်ပါးသော ကိစ္စတစ်ခု ဝင်ရှုပ်တယ်၊ ဝင်ရှုပ်လိုက်တဲ့အတွက် ဦးမာဒင် အနာ ကြီးနာသွားတယ်...(နာပါတယ်ဘုရား) နည်းနည်းနဲ့တာလား များများကြီး နာတာလား ...(များများကြီး နာပါတယ်ဘုရား)။

ဘုရားကလည်း ပြောလိုက်သားပဲ၊ သေယျကွာ–တဲ့ ခဏကလေး ဆိုင်းလိုက်လို့ရှိရင်အရိယာ ဖြစ်ရာတော့မယ်...တဲ့ ...(မှန်ပါ့) အခုတော့ဖြင့် ရှုံးပေါ့ဟော့ ...တဲ့...(မှန်ပါ့)။

www.dhammadownload.com



ကဲ...ဘုရားကိုက ရှုံးပေါ့လို့ ပြောကတည်းကိုက ဒကာကြွယ်ရေ...အင်မတန် မနစ်နာဘူးလား ...(နစ်နာပါတယ်ဘုရား)။

## အနိစ္စမှတစ်ပါး ဘာမှမဟုတ်ဘူး

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကိုယ့်ဉာဏ်ကလေးက အနိစ္စထဲမှာပဲ သက်ဆင်းနေတဲ့ အချိန်များခင်ဗျားတို့ လာပါလိမ့်မယ်...(မှန်ပါ့) အနိစ္စ ရှုကြတာကိုးဗျ...(မှန်ပါ့) အနိစ္စလို့မှတ်ပြီး အနိစ္စလို့လည်း သိနေပြီ...(မှန်ပါ့) ဉာဏ်ကလည်း ဒါ...အနိစ္စမှတစ်ပါး ဘာမှမဟုတ်ဘူးလို့လဲ ဆုံးဖြတ်ချက်ချပြီးပြီ...(မှန်ပါ့) ရှုလိုက်တဲ့ဉာဏ်ကလည်း အနိစ္စထဲမှာချည့် ပြေးဝင်နေတယ်...(မှန်ပါ့)။

ရှုလိုက်တဲ့ဉာဏ်ကလဲ...(အနိစ္စထဲမှာချည့် ပြေးဝင်နေပါတယ်ဘုရား)။

အနိစ္စထဲချည့် ပြေးဝင်နေတဲ့အခါ ဘုရားက အမြဲမပြတ်ကလေးကွာ ဒီအချိန် ၁၀-မိနစ် ၁၅-မိနစ် ဆိုသလို တစ်ပါးသောတရားမဝင်ဘဲနဲ့ မင်းတို့ကြိုးစားလိုက်စမ်းပါတဲ့ ...(မှန်ပါ့)။

ဒကာကြွယ် ဘာတဲ့တုံးဗျ...(တစ်ပါးသော တရား မဝင်ဘဲနဲ့ ကြိုးစားရမှာပါဘုရား)။

www.dhammadownload.com



အားလုံး ဒကာ ဒကာမတွေ တော်တော်အရေးကြီးတယ်နော်...(ကြီးပါတယ်ဘုရား) တစ်ပါးသော တရားဆိုတာ ဘာကိစ္စကလေးမှ မဝင်စေနဲ့...(မှန်ပါ့) မတိုင်ပင် မပြီးလို့ ဆိုတာကလေးတောင်မှ ဒီအချိန်တော့ မလာစေနဲ့ ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ)။

## တိုးတိုးပြောပါရစေ မကြာပါဘူးတဲ့

သူနဲ့တွေ့မှ ပြီးမှာပါ ဒါကလေးတော့ဖြင့် ကျုပ်တွေ့ပါရစေ သွားပြီးတိုးတိုးပြောပါရစေ မကြာပါဘူးဆိုတာတောင် မလာစေနဲ့ ...(မှန်လှပါ)။

သူလာတာ ဒါလောက် အဖိုးမတန်ဘူး ...၊ ကိုယ့်အရိုးဆယ့်သုံးမိုင် တက်ရမှာက နှစ်နာတယ်...(မှန်ပါ့) သဘောပါကြပလား ...(ပါ–ပါပြီဘုရား)။

အင်မတန် ဆိုးဝါးလွန်းလို့ ဒီဥစ္စာ အမှာကြီး မှာနေတယ်ဆိုတာ ဒကာသစ် ရိပ်မိပြီ...(ရိပ်မိပါပြီ) တယ်နစ်နာပါလား ...(နစ်နာပါတယ်ဘုရား) တစ်ခါလေး အောင့်လိုက်ရင် ပြီးသွားမှာနော်...(မှန်ပါ့)။

တစ်ခါကလေး အောင့်ရင် ပြီးသွားမှာကို ဒကာ ဒကာမတွေ အဲဒါကြောင့် ငဲ့လုံး–ညှာလုံး ဟူသ၍သည် ဒကာ ဒကာမတို့

www.dhammadownload.com



ကိလေသာရန်သူလို့ မှတ်လိုက်...(မှန်ပါ့)။

## ကိလေသာရန်သူတွေ

ငဲ့လုံး – ညှာလုံး ဟူသ၍ ... (ကိလေသာရန်သူပါဘုရား) မကောင်းတရားကလေးကြောင့်ဆိုရင်ကော...(ကိလေသာ ရန်သူပါ ဘုရား) အဲဒါလည်း တဏှာပဲ...(မှန်ပါ့) ငဲ့တာကော...(တဏှာ ပါဘုရား) ညှာတာကော...(တဏှာပါဘုရား) ညှာတာလည်း အတူတူပဲ၊ ခင်လို့ညှာတာပဲ...(မှန်ပါ့)။

အဲဒါတွေ ဟူသ၍ကတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ တစ်ထစ်ချသာ မှတ်ပေတော့၊ အနိစ္စထဲမှာ စိုက်ခနဲ, စိုက်ခနဲ ဉာဏ်ကဝင်နေတဲ့ အချိန်မှာဖြင့် ဒီဟာတွေ ကြားမခိုပါစေနဲ့ ... (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ့်နှယ်တုန်း ...(ကြားမခိုပါစေနဲ့ပါ ဘုရား) နောက်က ဒကာ ဒကာမတွေ ဘာအရေးကြီးပါလိမ့် ... (ကြားမခိုပါစေနဲ့ပါဘုရား)။

ကြားမခိုဖို့ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

တော်တော့ကို အရေးကြီးတယ်နော်...(မှန်ပါ့) သေယျ ကြားခိုလိုက်တာ သူ့အသား, အရိုး ဘယ်နှစ်မိုင် တက်ရသတုံး

www.dhammadownload.com



...(ဆယ့်သုံးမိုင် တက်ရပါတယ်ဘုရား)။

အံမာလေး ဒကာ ဒကာမတို့ ဒါလောက်သေရဲပါ့မလား ...(မသေရဲပါဘုရား) ဒါလောက် အရိုးတွေဖြစ်ရဲပါ့မလား ... (မဖြစ်ရဲပါဘုရား) အဲဒါ ကိလေသာတွေ ကြားတစ်ချက် ခိုလိုက်တာ ဦးမာဒင် သွားတာပဲ...(မှန်ပါ့ သွားပါတယ်ဘုရား) သိပ်မနစ်နာဘူးလား ...(နစ်နာပါတယ်ဘုရား) ဒကာကြွယ် သိပ်နစ်နာလွန်းတယ်...(နစ်နာပါတယ်ဘုရား)။

## ခေတ္တအောင့်ရကော ဘာဖြစ်မှာတုံး

အဲဒီတော့ကို ဒါကလေး ခေတ္တဆယ်မိနစ်, ဆယ့်ငါးမိနစ်, နာရီဝက်, တစ်နာရီ အောင့်ရကော ဒကာသစ် ဘာဖြစ်မှာတုံး ... (ဘာမှမဖြစ်ပါဘုရား) နောက်ကျတော့လည်း သိရမှာပေါ့... (သိရမှာပါဘုရား)။

မသိရရင်လည်း ကျုပ်တို့ကိစ္စ ပြီးနေလို့ရှိရင်လည်း သူ့ဟာ သိရလည်း မထူးပါဘူး ...(မှန်လှပါ) မသိရရင်လည်း ...(မထူးပါဘုရား) ကျုပ်တို့ကိစ္စပြီးမှုကသာ အရေးကြီးပါတယ် ... (မှန်ပါ့)။

ကျုပ်တို့ ကိစ္စပြီးမှုသည် ဒီအခုပြောလာတဲ့ ကိစ္စမျိုးကို ဒုက္ခပေးနေတဲ့ ကိစ္စမျိုးကို ကျုပ်တို့က သိမ်းနေတာ...(မှန်ပါ့)

www.dhammadownload.com



အဲဒါ ကျုပ်တို့က လက်ခံမိမယ်ဆိုတော့ ဒကာသစ် ငါးပါးမှောက်မယ်...(မှောက်ပါတယ်ဘုရား) မမှောက်ပေဘူးလား ...(မှောက်ပါတယ်ဘုရား)။

အေး ...ဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ကတော့ ဖြင့် အပြောယဉ်သလောက် ဒကာ ဒကာမတို့အဖြစ်က ဆိုးတယ် ...(ဆိုးပါတယ်ဘုရား)။

အပြောကတော့...(ယဉ်ပါတယ်ဘုရား) မကင်းတရားကလေးရှိလို့ ...မကောင်းတတ်လို့ဘုရား...(မှန်ပါ)။

မကင်းတရားကလေး မကောင်းတတ်လို့ သူကလည်း ဂုဏ်ရှိ သိရ်ရှိဖြစ်နေတော့ မလွှဲသာလို့ ...(မှန်လှပါ)။

အဲမှာ ...ဒကာသစ် ဒီအသုံး, ဒီအနှုန်းတွေက အသုံးအနှုန်း ယဉ်သလောက် နှစ်နာမှုနဲ့စာတော့ ကာမိရဲ့လား ...(မကာမိပါဘုရား) အလို...ဖြေကြီး ဆယ့်သုံးမိုင်တက်ရမယ် ကိုယ့်အသားအရိုးပေါ့ကဆိုတော့ ကာမိရဲ့လား ...(မကာမိပါဘုရား) ခင်ဗျားတို့ ပြောရတာကကော၊ အရသာကော ပါးစပ်ထဲ ဒါလောက်ရှိရဲ့လား ...(မရှိပါဘုရား)။

www.dhammadownload.com



## ငှဲလုံး ညှာလုံးတွေက သိပ်များတယ်

ဟိုပုဂ္ဂိုလ်တွေကလည်း ကျုပ်တို့ကို ဒါလောက်ကျေးဇူးယုတ်အောင် လုပ်တယ်လို့လည်း မသိသေးတော့ ခင်ဗျားတို့က လည်း ငဲ့လုံးညှာလုံးတွေကလည်း သိပ်များတယ်...(များပါတယ် ဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ...ဒါတွေ ဘာလုပ်ရမှာတုံး ...ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'အညေဟိ အသမ္မိဿံ' ကွ၊ တစ်ပါးသော ဘရားတွေနဲ့ ခုနင်က ငဲ့လုံးညှာလုံးတွေနဲ့ မရောစေပါနဲ့ကွ...တဲ့... (မှန်ပါ့) သဘောကျပလား ...(ကျပါပြီ)။

ဘာနဲ့မရောစေနဲ့တဲ့လဲ...(ငဲ့လုံးညှာလုံးတွေနဲ့မရော စေနဲ့) အေး ...ငဲ့လုံးညှာလုံးတွေနဲ့ ကိစ္စကလေးတွေ၊ ဒကာကြွယ် ဒီအထဲမှာ မရောစေနဲ့ ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ ဘုရား)။

ဒါတွေကို ရောလိုက်လို့ရှိရင် ကိုယ့်အသား၊ အရိုးက ဆယ့်သုံးမိုင်တက်ရမယ်...(မှန်ပါ့) ဒကာ ဒကာမတို့ ငဲ့လုံးနဲ့ ဖြစ်တွေနဲ့ ဘယ်သူက ကြီးကျယ်ပြီး အရပ်ဆိုးသတုံး ...(ဖြစ်တွေ က အရပ်ဆိုးပါတယ်ဘုရား)

www.dhammadownload.com



## အနှစ်နှာခံပြီး မမိုက်လိုက်ကြပါနဲ့

ဖြစ်ထွေက ကြီးကြီးကျယ်ကျယ် အရပ်ဆိုးတယ်... (မှန်ပါ့) ဒါ့ကြောင့် ဦးလှဘူးတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီ သာသနာ, ဒီအခါမှာ, ဒီအချိန်ကလေးကိုဖြင့် ဒကာ ဒကာမတို့ အနှစ်နှာခံပြီး မမိုက်လိုက်ပါနဲ့ဆိုတဲ့ဥစ္စာ ဒကာကြွယ် ပြောသင့် မပြောသင့် ...(ပြောသင့်ပါတယ်ဘုရား)။

အနှစ်နှာခံပြီး မမိုက်လိုက်ကြပါနဲ့ ဆိုတဲ့ဥစ္စာဖြင့် အလိုရှိတဲ့ ပုဂ္ဂိုလ်မှန်က ဦးမာဒင် အကြီးအကျယ်ပြောရမယ်...(ပြောရမှာပါဘုရား)။

အလိုရှိတဲ့ ပုဂ္ဂိုလ်မှန်က ...(အကြီးအကျယ် ပြောရမှာပါဘုရား) အကြီးအကျယ်ပြောရမယ်ဆိုတာ သဘောကျပလား ... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ကိလေသာဆိုတဲ့ဥစ္စာ ဟာ ကန့်ကွက်လာတာ...(မှန်ပါ့) ငဲ့လုံးဟာလည်း ဘာတုံး ကိလေသာ ...(မှန်ပါ့) ညှာလုံးကလေးဟာကော...(ကိလေသာပါဘုရား) ဘာလုပ်လာကြတာတုံး ...(ကန့်ကွက်လာကြတာပါဘုရား)။

www.dhammadownload.com



ကြည့်စမ်း ဒကာ ဒကာမတို့ ဘယ်လောက်ထိအောင် ကန့်ကွက်မှာတုံးဆိုတော့ ဘုရားတစ်ဆူကြား နှစ်ဆူကြား ကန့်ကွက်မယ်...(မှန်ပါ့) အံမာလေး ...လွန်လှချည့်လား ...(လွန်ပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ကန့်ကွက်တာ နည်းနည်းလား များများလား ...(များများပါဘုရား)။

ဘုရားတစ်ဆူ တစ်ဆူဆိုတာက မြေကြီး တစ်ယူဇနာတက်ရတယ်...(မှန်ပါ့) မြေကြီးတစ်ယူဇနာတက်မှ ဘုရားတစ်ဆူပွင့်တာ...၊ သုညကမ္ဘာချန်ထား၊ ဘုရားဆက်ပွင့်တဲ့ ကမ္ဘာတောင် မြေကြီးက ဆယ့်သုံးမိုင်တက်ရပါတယ်...(မှန်ပါ့) ပျမ်းမျှကြေး ပျမ်းမျှကြေး ...(မှန်ပါ့) ပေါပလား ...(ပေါပါပြီဘုရား)။

အဲဒါလောက်ကျအောင် ကျုပ်တို့ အသား၊ အရိုးတွေက မြေဖြစ်ပြီးတော့မှ ကျုပ်တို့ ကျွတ်တမ်းဝင်ရမယ်ဆိုတော့ တချို့လဲ ချော်သွားတော့မှာပဲ...(မှန်ပါ့) ဝင်စရာနဲ့ ချော်သွားစရာ ဘယ်က များသလဲ...(ချော်သွားစရာက များပါတယ်ဘုရား)။

www.dhammadownload.com



## အပြောယဉ်သလောက် အရှုပ်ဆိုးတယ်

ကဲ...ဒကာသစ်ရေ ဒါဖြင့် ဒီငဲ့လုံး ညှာလုံးကလေးဟာ အပြောယဉ်သလောက် အရုပ်ဆိုးမှာ ကြီးကျယ်လွန်းတယ်... (မှန်ပါ့ဘုရား)။

အပြောကတော့ဖြင့် ...(ယဉ်ပါတယ်ဘုရား) အို... မကောင်းတတ်လို့ ကျုပ်ထလိုက်တာ...(မှန်ပါ့) မလွဲသာလို့ဗျ... တဲ့...(မှန်ပါ့) ဟုတ်ပေလိမ့်မယ်လို့ သူများလိုက်တာများ ခင်ဗျား တို့က ပြုံးမနေပါနဲ့ ...(မှန်ပါ့)။

ကိုယ်သေရမည့် ဝအဲသား အရိုးနဲ့စာလိုက်တော့ ပြုံးစရာ လား ...မဲ့စရာလား ...(မဲ့စရာပါဘုရား)။

ဒကာကြွယ်...သိပ်နစ်နာလွန်းပါတယ်...(နစ်နာလွန်း တယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီစကားဟာ အရေးကြီးလို့ ပြောနေ တယ်နော်...(မှန်ပါ့)။

www.dhammadownload.com



## ကြပ်ကြပ် ဝီရိယစိုက်စမ်းပါ

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း အမြဲ မပြတ်ကွာတဲ့ ဆယ်မိနစ် ငါးမိနစ် အမြဲမပြတ် ဉာဏ်ကလေးက အနိစ္စထဲချည့် သက်ဝင် သက်ဝင်နေလို့ရှိရင်ဖြင့် တစ်ပါးသော တရားကလေး မရောဖို့ရာ မင်း–ကြပ်ကြပ် ဝီရိယစိုက်စမ်းပါတဲ့ ...(မှန်ပါ့)။

တစ်ပါးသော တရားမရောရအောင် ...(ကြပ်ကြပ်ဝီရိယ စိုက်ရပါမယ်ဘုရား)။

ဒါ ဘုရားက ဟောတာပါ ဒကာကြွယ်...ဘုန်းကြီးက ပြောတာမဟုတ်ပါဘူး ...(မှန်ပါ့) 'အဗ္ဗောကိဏ္ဏံ' ကို 'အဗြောဟိ အသမ္ဘိသံ' ကဲ့...(မှန်ပါ့) အဗ္ဗောကိဏ္ဏံ– တစ်ပါးသောတရား တစ်ပါးသော ကိစ္စကလေးတွေနဲ့ မရောမူ၍၊ ဒကာ ဒကာမတို့ ဉာဏ်ကလေးက စိုက်စိုက်–စိုက်စိုက်ပြီး ဖြစ်ပျက်ထဲ ရောက်နေ တဲ့အခါမှာ တစ်ပါးသော ကိလေသာရန်သူတွေ ဘာတဲ့ ...(မရော ရပါဘုရား)။

မရောစေနဲ့တဲ့၊ အားလုံး ဒကာ ဒကာမတွေ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



ကိုင်း–ဘုရား ...တပည့်တော်တို့ကလည်း လူတွေဘုရား ...လူဆိုတာ ငဲ့ရတာနဲ့ ညှာရတာနဲ့ ရှေ့ရေးကြည့်ပြီးသကာလ ပြောရတာနဲ့၊ မုန်းသွားမှာ စိုးရိမ်ရတာနဲ့၊ တပည့်တော်တို့အတွက် ကလည်း အရှင်ဘုရားတို့ပြောသလို လွယ်လှတယ်မဟုတ်ဘူးလို့ ဒကာကြွယ်တို့ ဒကာသစ်တို့ကလည်း ဆင်ခြေက လဲချင်လဲ လိုက်မယ်...(မှန်ပါ့) မလဲပေဘူးလား ...(လဲပါတယ်ဘုရား)။

လဲလိမ့်မယ်တဲ့၊ ကောင်းပြီ ဒီဆင်ခြေသည်ကားလို့, ဆိုလို့ရှိရင်ဖြင့် ဘယ်သူက လဲတာတုံးလို့ မေးလို့ရှိရင်ဖြင့် ကိလေသာက လဲတာ...(မှန်ပါ့)။

ဘယ်သူက လဲတာပါလိမ့်...(ကိလေသာက လဲတာပါ ဘုရား)။

ဩော်...ဒါဖြင့် ကိလေသာက လဲတာကို ဒကာ ဒကာမ တွေက သိလို့ရှိရင်ဖြင့် သူ ကန့်ကွက်တာပဲ...(မှန်ပါ့) သဘောကျ ပလား ...(ကျပါပြီဘုရား)။

## ကိစ္စသည် မဂ်ကို ကန့်ကွက်သည်

အဲဒီကိစ္စကလေးတွေဟာ ဒကာ ဒကာမတွေက မှတ် လိုက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ပလိဗောဓဓော မင်းတို့ ငဲ့လုံး ကိစ္စဟာ၊ မဂ္ဂါဓိဂမဿ– မဂ်ကိုရခြင်းကို၊ နီဝရဏံ–တစ်နည်း

www.dhammadownload.com



နည်းနဲ့ ကန့်ကွက်တာပဲ...(မှန်ပါ့) ဒကာ ဒကာမတွေ ကိစ္စကလေးဟာ မဂ်ကို ကန့်ကွက်တာ...(မှန်ပါ့)။

ဒကာ ဒကာမတွေမှာ ရှိတဲ့ ကိစ္စကလေး ဉာဏ်ကလေးက ဖြစ်ပျက်နဲ့ တိုက်ဆိုင်–တိုက်ဆိုင်ပြီး နေတုန်းမှ ကိစ္စထူးကလေး လာလို့ လက်တို့ခေါ်ခေါ် တံခါးခေါက်ခေါက် ဒီဟာ လာလို့ရှိရင်ဖြင့် ဩော်...မဂ်တား ဖိုလ်တားလာပြီလို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...(မဂ်တားဖိုလ်တား လာပါပြီဘုရား)။

## မဂ်တား ဖိုလ်တား လာပြီ

"**ပလိဗောဓော မဂ္ဂါဓိဂမဿ နီဝရဏံ**" ပလိဗောဓော ခင်ဗျားတို့ သန္တာန်၌ ကိစ္စကလေးတွေ ကိုယ့်ဝမ်းထဲက ပေါ်လာတဲ့ ကိစ္စဖြစ်စေ၊ သူတစ်ပါးက ကိစ္စတစ်ခုနဲ့လာ၍ ကိုယ့်အနှောင့်အယှက်ပေးသည်ဖြစ်စေ အဲဒါ မဂ်တား ဖိုလ်တားလာတယ်လို့ ဆုံးဖြတ်ချက်ချကြ ...(မှန်ပါ့ဘုရား)။

ကိုယ့်ဝမ်းထဲက ကိစ္စ ပေါ်လာရင်လည်း ...(မဂ်တား ဖိုလ်တားပါဘုရား)။

www.dhammadownload.com



သူတစ်ပါးက လာပြီး မလွှဲသာသည့်ကိစ္စမို့ ခင်ဗျား တရားအားထုတ်နေတယ်ဆိုတာ သိပါတယ်၊ သို့သော်လည်း မလွှဲသာတဲ့ကိစ္စ ကျုပ်မပြောရင်လည်း ကျုပ်အပေါ် အဆိုးကျမှာ စိုးလို့ ကျုပ်လာပြောရပါတယ်ဆိုတဲ့ ကိစ္စမျိုးဟာလည်း ဘာတုံး ...(မဂ်တား ဖိုလ်တားပါဘုရား) သဘောပါကြပလား ...(ပါပါ ပြီဘုရား)။

တော်တော်အရေးကြီးတယ်...(ကြီးပါတယ်ဘုရား) ခင်ဗျားတို့က ဒီနေရာမှာ၊ ဟိုပုဂ္ဂိုလ်က ကိုယ့်လက်အောက်က လည်းဖြစ်မယ် ကိုယ်နဲ့ရင်းနှီးတဲ့ ပုဂ္ဂိုလ်ကလည်း ဖြစ်ချင် ဖြစ်မယ်ဆိုတော့ မပြောရင် မပြီးတဲ့ကိစ္စမို့ အရင်ပြောရမည့်ကိစ္စမို့ ဒါနောက် ကျုပ်အပေါ် အပြစ်ကြီးယူမှာစိုးလို့တဲ့ ...ဘာပဲ ဆင်ခြေ လဲလဲ ယောဂီပုဂ္ဂိုလ်မှာဖြင့် မဂ်တား ဖိုလ်တားသာမှတ်... (မှန်ပါ့ဘုရား)။

ယောဂီပုဂ္ဂိုလ်မှာတော့ ...(မဂ်တား ဖိုလ်တားပါဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒီဟာ ဩော်...လာ လည်းလာတတ်တဲ့တရား၊ ဒီကိစ္စမျိုးဟာ...(မှန်ပါ့) ဘယ့်နှယ်တုံး ...(လာတတ်ပါတယ်ဘုရား)။

www.dhammadownload.com



အင်း ...လာတတ်တော့ တစ်ခါ ဘုန်းကြီးက နည်းပေးလိုက်တယ်၊ ဒကာ ဒကာမတို့ လာရင်မကြောက်ပါနဲ့...(မှန်ပါ့ဘုရား)။

လာရင် မကြောက်ပါနဲ့တဲ့ ...၊ လာရင်မကြောက်ပါနဲ့ဆိုတော့ သူကတော့ဖြင့် မဂ်တား ဖိုလ်တားဖို့ လာတာပဲ...(မှန်ပါ့) ဘုန်းကြီးက မကြောက်ပါနဲ့လို့ဆိုပြီး တစ်ခါ ဒကာ ဒကာမတွေ သင်ပြတာက ဧဟိပဿိကော မှတ်လိုက်ရမယ်...(မှန်ပါ့ဘုရား)။

ဥပမာမယ် ကိုယ့်စိတ်ထဲမှာပဲ မြင်တော့မြင်နေတာပဲ ထ,ချင်တဲ့စိတ်ကလေး ပေါ်လာတယ်...(မှန်ပါ့) ကိုယ်ကတော့ ဖြစ်ပျက်ထဲမှာ ဉာဏ်ကတော့ စိုက်နေတယ်...(မှန်ပါ့)။

အဲဒီ စိုက်နေတော့ အချိန်ကလေးက ကြာသွားတော့ ဒကာသစ်ရေ ထ,ချင်တဲ့စိတ်ကလေး ပေါ်လာတယ်...(မှန်ပါ့ဘုရား)။

## ပျင်းတဲ့စိတ်ကို ဖြစ်ပျက်ရှု

ထ,ချင်တယ်ဆိုတာ ပျင်းတဲ့စိတ်ကလေး ...(မှန်ပါ့) ပျင်းတဲ့စိတ်ဆိုတော့ ဒေါသအနုစား ...(မှန်ပါ့ဘုရား)။

ပျင်းတဲ့စိတ်ဆိုတာ ဘာပါလိမ့် ...(ဒေါသအနုစားပါဘုရား) သူများက တုတ်နဲ့, ဓားနဲ့ခုတ်တာမဟုတ်ဘူး ...(မှန်ပါ့)

www.dhammadownload.com



သူ့ဟာသူ စိတ်ထဲမှာ မမွေ့လျော်တာ...(မှန်ပါ) မမွေ့လျော်တာ ဆိုတော့ ဒေါသအနေစား ...(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီ) အဲဒီစိတ်ကလေး လာတာတောင် သူ့ကိုဖြစ်ပျက်ရှုပါ...(မှန်ပါ ဘုရား)။

သူ့ကို ဘာလုပ်ရမလဲ..(ဖြစ်ပျက်ရှုရပါမယ်) သူက မသိတဲ့ ပုဂ္ဂိုလ်မှာတော့ တားမလို့လာတာပဲ...(မှန်ပါ) အခု ဆရာဘုန်းကြီး နည်းပေးလိုက်တော့ ဖော်...လာခဲ့ပါ။ ပဿ–ရှုပါ... (မှန်ပါ ဘုရား)။

သူက ရှုစရာအဖြစ်နဲ့ ကျုပ်ကိုလည်း အနိစ္စရှုပါဦး ... (မှန်ပါ ဘုရား)။

ဘာတဲ့တုံး ...(ကျုပ်ကိုလည်း အနိစ္စရှုပါဦးတဲ့) အဲ ကျုပ်ကိုလည်း အနိစ္စရှုပါဦးလို့ သူကခေါ်လာတာ ခင်ဗျားတို့ကျ တစ်ခါတည်း နည်းနည်းကလေး အချိန်ကြာသွားပြီ စိတ်ကလေးကလည်း သိပ်မဝင်စားတော့ဘူးဆိုရင်တော့ ဒေါသလာတယ်ဆိုလို့ရှိရင် ဒကာ ဒကာမတွေ စဉ်းစားတာပေါ့၊ ဒေါသနောက်က ဒေါသသောက, ပရိဒေဝ မလာပေဘူးလား ...(လာပါတယ်) ဒါတွေဟာ မသိလို့လာတာဖြစ်သောကြောင့် အဝိဇ္ဇာ သင်္ခါရဆိုပြီး သကာလ အနာဂတ်ဘဝ တန်းထွက်တယ်...(တန်းထွက်ပါတယ်) ဘယ်လောက်ကြောက်စရာကောင်းသတုံး ...(ကောင်းပါ

www.dhammadownload.com



တယ်) ဒကာ ဒကာမတွေ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကဲ...ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် စ,မယ်လို့ လာတာကို၊ အစကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်...(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပာဒ် စမယ်လို့လာတာ...(အစကို ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒီအစ ဘာလုပ်ကြရမယ်...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ဘုရားက ဥပဝါဏကို ဟောတာ

ဖြစ်ပျက်ရှုလိုက်တော့ အရှင်ဘုရား ရှုကောင်းရဲ့လားလို့ မေးမနေနဲ့တဲ့၊ ဥပဝါဏကို ဘုရားကဟောတာ...(မှန်ပါ့ဘုရား) အင်္ဂုတ္တိုရ်မှာပဲ ဟောပါတယ်...(မှန်ပါ့ဘုရား)။

ဥပဝါဏက "သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော" ပြောစမ်းပါဘုရား၊ တပည့်တော် အဲဒါမသိလို့ပါတဲ့၊ ဟ...မင့်သန္တာန် လောဘပေါ်လာရင် မင်းမသိဘူးလား၊ အဲဒါ မင်းသိလို့ရှိရင် သန္ဒိဋ္ဌိကော ပေါ့ကွာတဲ့...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

အဲ...သူပေါ်လာလို့ရှိရင်ဖြင့် လောဘပေါ်လာရင် အကာလိကော၊ အခါမလင့် အကျိုးပေးတော့မယ်၊ ဒုက္ခဘက်ဆွဲတော့မှာပဲကွတဲ့...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

www.dhammadownload.com



## ကိလေသာလာတိုင်း ဖြစ်ပျက်ရှုပေး

အဲဒီတော့ ဒကာ ဒကာမတွေ ဒါတွေက ဟောပြီးသား ဖြစ်ပြီးသကာလ သိပြီးသားဖြစ်နေကြတဲ့အတွက် ကြားထိုးတဲ့ ကိလေသာ လာတိုင်း လာတိုင်း ဖြစ်ပျက်ရှုပေး ...(မှန်ပါ့ဘုရား)။

ကြားထိုးတဲ့ ကိလေသာ လာတိုင်း လာတိုင်း ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အရင်တုန်းကလည်း ဖြစ်ပျက်ထဲမှာပဲ ဉာဏ်ကသက်နေတယ်...(မှန်ပါ့ဘုရား) အဖျက်လာတဲ့ ဓမ္မကလည်း ဘုန်းကြီးက သင်ထား၊ ဘုရားက ဟောထားပြန်တော့ ဟေ်–လာခဲ့၊ ပဿ–ကျုပ်ကိုရှုပါဦး ...(မှန်ပါ့) သူလာတာက သူ့ရှုပါဦးလို့ အပြောလာတာ...(မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

သူလာတာက ဘယ်အကျိုးငှာ လာတာတုံး ...(သူ့ရှုပါဦးလို့ အပြောလာတာပါဘုရား)။

အဲဒီတင် ကျုပ်တို့က အရှုခံလာတဲ့ တရားကို ဒကာ ဒကာမတွေက မသိလိုက်တော့ သူကနေပြီးသကာလ ငါ့မှမရှုဘဲ ဆိုပြီး ပဋိစ္စသမုပ္ပာဒ် တန်းသွားတယ်...(မှန်ပါ့) မတန်းပေဘူးလား ...(တန်းပါတယ်ဘုရား)။

www.dhammadownload.com



ဒေါ်သအနုကလေးလာတော့ ဒေါ်သနောက်က သောက လိုက်မယ်...(မှန်ပါ) သောကနောက်က ပရိဒေဝလိုက်မယ်... (မှန်ပါ) ဥပါယာသလိုက်မယ်...(မှန်ပါ) အဲ...လိုက်လာလို့ရှိရင် ဒါ မသိတဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါ ဘုရား)။

သင်္ခါရာဆိုတော့ ဟိုဘက်ဘဝမှာ တစ်ခါတည်း ဒုက္ခ သစ္စာ သွားပေါ်တယ်...(မှန်ပါ) ဒုက္ခသစ္စာ မပေါ်သေးဘူးလား ...(ပေါ်ပါတယ်ဘုရား)။

အဲဒါ ဖော်ပြသိကောကို ဒကာ ဒကာမတွေ သဘော မကျမှုကြောင့် သံသရာဆက်ရတယ်...(မှန်ပါ) ဒါဖြင့် မဂ်တား တယ်ဆိုတာ ပေါ်သွားပြီ...(ပေါ်ပါပြီ) မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

တစ်ခါတည်း ခင်ဗျားတို့ကသာ မရှုရင် တားတာပဲ... (မှန်ပါ) နှစ်ဘဝ ဆက်သွားတယ်...(မှန်ပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

နှစ်ဘဝဆိုတာ အနည်းပြတာပါ ဒကာ ဒကာမတို့၊ ရှေ့ ကို ဘယ်လောက်ဆက်မယ်ဆိုတာ မပြောတတ်သေးပါဘူး ဒကာသစ်ရာ...(မှန်ပါဘုရား)။

www.dhammadownload.com



ကိုင်း ...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ကြားထိုးလာခဲ့သော် ဘာလုပ်ရမလဲ...(ဖြစ်ပျက်ရှုရပါမယ်) အင်း ...ဘယ်ပါဠိတော်က ဟောပါလိမ့် ...(ဟေဠိပသိကောဝါ) ဟေဠိ-လာခဲ့ပါ၊ ပဿ-ရှုပါလို့..ပြောနေတယ်...(မှန်ပါ့ဘုရား)။

## သူ့ကိုမရှုရင် သံသရာဆက်မယ်

ဟေဠိက...(လာခဲ့ပါ) ပဿက...(ရှုပါဘုရား) အဲ...သူက ရှုပါလို့ပြောတာ ခင်ဗျားတို့က သူ့ကိုမရှုလို့ရှိရင်ဖြင့် ကျူပ်ဝတ္တုရား အတိုင်း ခင်ဗျားတို့သံသရာဆက်မယ်...(မှန်ပါ့) အပါယ်ပို့မယ်... (မှန်ပါ့) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တားမယ်...(မှန်ပါ့ဘုရား)။

ကဲ..,ဒါ ခင်ဗျားတို့က အသုံးမချတတ်တာနဲ့ သူထင်ရာ စီမံသွားတယ်ဆိုတာ ပေါ်ပြီ...(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က အသုံးချလိုက်တော့ ဟေဠိ-လာခဲ့ပါ၊ ပဿ-ရှုပါလို့ ခုနင်က ပျင်းတဲ့ ဒေါသနကလေးကလည်း ခေါ်နေတယ်...(မှန်ပါ့) ခေါ်နေတော့ ဒကာ ဒကာမတွေ ဘာတွေ့မတုံး ရှုလိုက်စမ်း ...(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်ပဲ၊ နဂိုက ရှုနေတုန်းကလည်း ခမ္မတွေတုန်းက လည်း ဘာ့ထဲ ဉာဏ်ရောက်နေသတုံး ...(ဖြစ်ပျက်ထဲဉာဏ် ရောက်နေပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် အခု ဖျက်တဲ့တရားကို ကျုပ်တို့က အသုံးချလိုက်ပြန်တော့ ဉာဏ်က ဘယ်အထဲပဲ ရောက်ပြန်သတုံး ...(ဖြစ်ပျက်ထဲပဲ ရောက်ပါတယ်ဘုရား)။

အဲဒီလိုဉာဏ်ရောက်ရမယ်..(မှန်ပါ့) အဲဒီလို ဉာဏ်ရောက်သွားလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ပူစရာရှိသေးရဲ့လား ...(မရှိပါဘုရား)။

## အသုံးချတတ်ရင် ဆေး

ဒါဖြင့် ဒကာ ဒကာမတို့ အသုံးချတတ်လို့ရှိရင်လည်း ဆေးပါပဲ...(မှန်ပါ့) အသုံးမချတတ်လို့ရှိရင်လည်း ပျင်းတဲ့စိတ်ကလေးဟာ ဘေးသင့်သွားတာပဲ...(မှန်ပါ့) သံသရာဘေး သင့်ပါတယ်...(မှန်ပါ့ဘုရား)။

ဘာဘေးသင့်ပါလိမ့် ...(သံသရာဘေး သင့်ပါတယ်) ဒကာသစ်ရေ ဆရာကောင်း သမားကောင်း သိပ်လိုပါလား ...(လိုပါတယ်) ဒကာကြွယ် ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဩော်...ကုသိုလ်ကံများက မကောင်းတော့ အဖျက်က တယ်များတယ်...(မှန်ပါ့) အင်း ...မဟုတ်တာ ညည်းလုံးထုတ်ပြီ...(မှန်ပါ့) တရားကလေးက အဟုတ်ကို မြင်နေပြီ၊ အနိစ္စထဲ ဉာဏ်ကလေးက သက်သက်ပြီးရောက်နေတုံး

www.dhammadownload.com



အနိစ္စနဲ့ ဉာဏ်နဲ့ကို တစ်ခါတည်း ဆိုက်ခနဲ, ဆိုက်ခနဲ ဖြစ်တုန်း ာစ်ခါတည်း ကိစ္စကလေးက ဘုရား ပေါ်လာလိုက်တာ...(မှန်ပါ့ ာုရား) ကျင့်ကြီးစွန့်ချင်တဲ့ ကိစ္စ, ကျင်ငယ်စွန့်ချင်တဲ့ ကိစ္စ၊ ၊လွဲသာတဲ့ကိစ္စကြောင့် အဲဒီ ကျင်ကြီးကျင်ငယ် စွန့်တယ်ဆိုတာ ာတာ အောင့်တာပဲ၊ အဲဒီနာတဲ့, အောင့်တဲ့ဆီ ဖြစ်ပျက်ရှုချ... ှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

နာတာအောင့်တာကိုလည်း ...(ဖြစ်ပျက်ရှုရပါမယ် ဘုရား) ှိတော့ အရင်တုန်းကလည်း ဖြစ်ပျက်ထဲ ဉာဏ်ရောက်တာပဲ... ှန်ပါ့) အခု အဖျက်တရားတွေကိုလည်း အပျက်တရားလို့ ကျုပ် ှဲ့က မထားတော့ဘူး ...(မထားပါဘူး)။

ဟေဳိပဿိကောနဲ့ လာတာရှုမယ်ဆိုတဲ့ လာပါရှုပါလို့ ါတဲ့ဆီကို ကျုပ်တို့က လာလိုက်,ရှုလိုက် အလုပ်ကို လုပ်လိုက် ်အတွက်တဲ့ ဒကာသစ်ရေ ခုနင်က ကြားထဲမှာ ကိလေသာ ာသေးရဲ့လား ...(မရှိပါဘုရား)။

## ဘဝ ဓိဓဏာရှမယ်

အဗ္ဘောကိဏ္ဏံ အညေဟိ အသမ္မိဿံ ဆိုတဲ့အတိုင်း စ်ပါးသောတရားနဲ့ မရောရင် မင်းရမယ်၊ ဒီဘဝ ရမယ်၊ ဒီခဏာ ာယ်လို့ ဘုရားက တာဝန်ခံတာကိုးဗျ...(မှန်ပါ့)။

www.dhammadownload.com



အဲဒီတော့ ဘုရားက ဝန်ခံတဲ့အတိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြောရတာက နားမလည်တော့ မလုပ်တတ်တော့ ကြော်...ကိလေသာမာရ်နတ်ကလည်း တယ်ဆိုးသကိုး ...ဘုရား ဖြစ်, မာရ်နတ်ဖျက်ဆိုတာ ယုံပြီ...(မှန်ပါ့) ယုံသာယုံတယ် နစ်နာလိုက်တာ လွန်နေပြီ...(မှန်လှပါဘုရား)။

ခင်ဗျားတို့က ယုံတာကလေးတစ်ခုပဲ အမှတ်အသား တစ်ခုရလိုက်တယ်...(မှန်ပါ့) သေသေချာချာတော့ဖြင့် ဒကာကြွယ် နစ်နာလိုက်တာက မြေကြီးဆယ့်သုံးမိုင်တက်ရမယ် ...(မှန်ပါ့) ကိုယ့်အသား, အရိုးတွေကလေ ...(မှန်ပါ့)။

ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ဒကာ ဒကာမတွေ မြင်ကြပလား ..(မြင်ပါပြီဘုရား) ဒါဖြင့် ဘာကို အသုံးချမယ်ဆိုတာ ဖောပဿိကော...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဘာကိုအသုံးချမယ်..(ဖောပဿိကောပါဘုရား) ဖောက ဘာတုံး ...(လာခဲ့ပါ့) ပဿက...(ရှုပါ) ကြော်...ပဿက ရှုပါဆို တော့ ခင်ဗျားတို့ ကြားထိုးတဲ့ တရားကိုက ခင်ဗျား ဟိုနေရာမှာ မရှုနဲ့တော့ ဟိုနေရာမှာ ဘယ်သူမှမရှိဘူး ...(မှန်ပါ့) ကျုပ်သာ ရှိတယ်၊ ကျုပ်ကိုသာရှု...(မှန်ပါ့)။

www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့က ဒီလိုဆရာကောင်း သမားကောင်းက နည်းပေးပြီးသကာလ မထားတော့ မရှိတဲ့ဆီ ရှုနေဦးမှာပဲ…(မှန်ပါ့) မရှိတဲ့ဆီ ရှုနေလို့ရှိရင်လည်း အနိစ္စညာဏ်နဲ့ သက်ရောက်သေးရဲ့လား …(မသက်ရောက်ပါဘုရား)။

ကဲ…ဒါဖြင့် ရှိတဲ့ဆီ ရှုရင်တော့ ဒကာသစ် သက်ရောက်မယ်…(သက်ရောက်ပါတယ်ဘုရား) အနိစ္စညာဏ်နဲ့ သက်ဆင်းသွားကယ်ဆိုတာ ပေါ်ပလား …(ပေါ်ပါပြီ)။

ဒါဖြင့် ဒကာကြွယ်ရေ့ ဖေဟိပဿိကောဟာ ကျုပ်တို့ ချက်ကောင်းသုံးရမှာပဲ…(မှန်ပါ့)။

ဖေဟိပဿိကော ဘယ်အချိန် သုံးမှာပါလိမ့် …(ချက်ကောင်း သုံးရမှာပါဘုရား)။

## ချက်ကောင်း သုံးရမယ်ဆိုတာ

ချက်ကောင်းလို့ ဆိုတဲ့ဥစ္စာက ကိုယ်က ရှေးဦးစွာ ဖြစ်ပျက်နဲ့ မဂ်နဲ့ ဒကာသစ်ရေ…ကိုက်ကိုက်နေတယ်…(မှန်ပါ့) ကိုက်နေတုန်းမှ ကိစ္စကလေးက ပေါ်လာတယ်…(မှန်ပါ့) ဒီနေရာက ယား, ဒီနေရာက နာ, ဟိုနေရာက ကျင်ကြီးစွန့်ချင်, ဒီနေရာက ကျင်ငယ် စွန့်ချင် ဟုတ်လား …(မှန်ပါ့) ဟိုနေရာက ယားတယ်၊ အဲဒါတွေ သွားပြီး ဖျောက်ဖျက်ပြီးမနေနဲ့ ဒကာသစ်

www.dhammadownload.com



ဘာလုပ်မလဲ...(ဖြစ် ပျက်ရှုရပါမယ်) သူ့ကိုဖြစ်ပျက်ရှု...(မှန်ပါ့)။

ကျုပ်တို့က ဖြစ်ပျက်ရှုရမှာလည်း သူကခေါ်လို့ရှုရမှာလား ...(သူကခေါ်လို့ ရှုရမှာပါ) သူကခေါ်လို့ ရှုရမည့်ဥစ္စာ ကျုပ်တို့က မရှုဘဲထားရင် သူက ပဋိစ္စသမုပ္ပာဒ် တန်းမယ်...(မှန်လှပါဘုရား)။

သူက ဘာလုပ်မယ်ထင်ကြသတုံး ...(ပဋိစ္စသမုပ္ပာဒ် တန်းမှာပါဘုရား) အခုတန်းပြပြီ၊ ပျင်းတဲ့စိတ်ကလေးလာလို့ ပျင်းတဲ့စိတ်ကို မရှုမိဘူးဆိုရင်ဖြင့်...တဲ့၊ ဒေါသ, သောက, ပရိဒေဝ, အဝိဇ္ဇာ, သင်္ခါရ မသွားဘူးလား" ...(သွားပါတယ် ဘုရား) သင်္ခါရပစ္စယာ ဝိညာဏံကော ...(တန်းပါတယ်ဘုရား) ဟာင်...ဒကာသစ် နှစ်ဘဝဆက်တယ်...(မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသလား ဘဝဆက်ပေးလိုက်သလား ...(ဘဝဆက် ပေးလိုက်ပါတယ်ဘုရား)။

ဟာ...ဘဝ ဆက်ပေးလိုက်လို့ရှိရင်ဖြင့် နောက် ဒီလို ဆရာကောင်း,သမားကောင်းတွေနဲ့ တွေ့ဖို့လည်း ဝေးသွားပြီ... (ဝေးသွားပါပြီဘုရား) ဒီက ဒါဖြင့် ဒကာ ဒကာမတွေ ဘဝပေါင်း များစွာသော ခင်ဗျားတို့ အို, နာ, သေနဲ့ အဖော်လုပ်ကြပေတော့ ...(လုပ်ရမှာပါဘုရား) မနစ်နာဘူးလား ...(နစ်နာပါတယ် ဘုရား)။

www.dhammadownload.com



## တစ်ပါးသော တရား မရောက်စေနဲ့

အဲဒါကြောင့် ဒကာကြွယ် ဒီအရေးဟာ အင်မတန် မှာရပါတယ်…(မှန်ပါ) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း **"နိစ္စံ နိရန္တရံ အဗ္ဗာကိဏ္ဏံ"** …(မှန်ပါ) **နိစ္စံ** = အမြဲ၊ **နိရန္တရံ**= မပြတ်စေနဲ့ကွတဲ့ …(မှန်ပါ) အဗ္ဗောကိဏ္ဏံ၊ ဒီအချိန်ကလေး တစ်ပါးသောတရား မရောစေနဲ့ကွတဲ့…(မှန်ပါ) သဘောကျပလား …(ကျပါပြီ)။

အနိစ္စထဲမှာ ဉာဏ်ကလေးက ထိုးထိုးပြီးသကာလ သက်ပင်နေတဲ့အချိန်မှာ တစ်ပါးသောတရား ဘာတဲ့ …(မရောစေရပါဘုရား)။

ကဲ..ရောပြီ ဦးမာဒင့်တို့ ဒကာကြွယ်တို့ ရောပြီ…(မှန်ပါ) ရောတာကို ဘာလုပ်ပစ်မလဲ…(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော်…ဒီလိုဆိုတော့ သူသည့်ကား …လို့ဆိုရင် အဖျက်သဘောလား၊ အကူအညီသဘောလား …(အကူအညီသဘောပါဘုရား)။

ဩော်…ဒါကတော့ ဆရာသမား နည်းပေးလို့ရတာ… (မှန်ပါ) ဘုရားကလည်း ဟောခဲ့လို့…(မှန်ပါ) ဆရာသမားက ထွင်ပေးတဲ့နည်းလား၊ ဘုရားကိုက ထားခဲ့တာလား …(ဘုရားကို

www.dhammadownload.com



က ထားခဲ့တာပါဘုရား)။

ဘုရားကိုက ထားခဲ့တာဖြစ်နေတော့ ဒကာသစ်ရေ… ကျုပ်တို့မှာဖြင့် အကူအညီအများကြီးရတယ်..(ရပါတယ်ဘုရား)။

ရှေ့က ကျုပ်တို့စိတ်တွေက ဘယ်လိုဖြစ်နေသတုံး၊ တရားက အရေးကောင်း ဒိန်းဒေါင်းကဖျက်တယ်…(မှန်ပါ့) အင်း …အဖျက်ချည့်ယူပစ်တယ်…(မှန်ပါ့)။

## သူ့ကိုပဲ မိတ်ဆွေဖွဲ့လိုက်ပါ

အရေးကောင်း ဒိန်းဒေါင်းကဖျက်တယ် အစရှိသည်နဲ့ ဒကာ ဒကာမတွေက ဒကာကြွယ်တို့က ဒီဥစ္စာ နှုတ်ကိုတက်လို့ …(မှန်ပါ့) အခုဟာကတော့ အရေးကောင်း ဒိန်းဒေါင်းကိုပဲ သူ ဖျက်လာတာကို ကျုပ်တို့က သူ့ကိုပဲ မိတ်ဆွေဖွဲ့လိုက်ပါ… (မှန်လှပါ) သဘောကျပလား …(ကျပါပြီဘုရား)။

သူ့ကို ဘာလုပ်ရမယ်…(မိတ်ဆွေဖွဲ့ရပါမယ်ဘုရား) မိတ်ဆွေဖွဲ့လိုက်ပြီဆိုမှဖြင့် ဒကာ ဒကာမတို့ သူက ဘယ်လိုရော သွားသတုံးမေးတော့ အရင်ရှုတဲ့ အနိစ္စနဲ့ သူကလည်း အနိစ္စနဲ့ အနိစ္စချင်း တန်းတူတယ်…(မှန်ပါ့)။

အနိစ္စချင်း တန်းတူသွားတော့ ကျုပ်တို့ကလည်း ရှုတဲ့ ဉာဏ်ကလည်း ပြတ်သေးရဲ့လား …(မပြတ်ပါဘုရား)။

www.dhammadownload.com



အရင်တုန်းကလည်း အနိစ္စထဲပဲ သက်ရောက်တယ်... (သက်ရောက်ပါတယ်ဘုရား) အနိစ္စထဲပဲ ဉာဏ်သက်ဆင်းပါတယ်...(မှန်ပါ့) ယခုလာပြီးသကာလ အစားထိုးတဲ့ တရားကိုလည်း ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တော့ အနိစ္စထဲမှာပဲ ဉာဏ်သက်ဆင်းပါတယ်...(မှန်လှပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

အနိစ္စထဲကို ဉာဏ်သက်ဆင်းတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကိလေသာကြားခိုတဲ့ အခိပ္ပာယ်ရသေးရဲ့လား ...(မရပါဘုရား) ဩော်...တယ်အဖိုးတန်ပါလား ...(တန်ပါတယ်ဘုရား)။

ကိလေသာကြားခိုတဲ့ အခိပ္ပာယ်မရလို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာသစ် ဟောတယ်...(မှန်ပါ့) မင်းတို့ကွာ...တဲ့ ကိလေသာ ကြားမခိုလို့ရှိရင်ဖြင့် သော–ထို ခုနင်က အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်။ အနိစ္စလို့ သိတဲ့ပုဂ္ဂိုလ်သည် **အာသဝါနံ**–အာသဝေါတရားတို့၏ **ခယာ**– ကုန်ခြင်းကြောင့် **အနာသဝံ**– အာသဝေါမရှိသောနိဗ္ဗာန်...(မှန်ပါ့) အာသဝေါမရှိတော့ နိဗ္ဗာန်ပဲမဟုတ်လား ...(မှန်ပါ့) အာသဝေါ၏ အာရုံမပြုနိုင်တာ ဘယ်သူပါလိမ့်...(နိဗ္ဗာန်ပါဘုရား) အဲ...စေတောဝိမုတ္တိ၊ သမာဓိပြဋ္ဌာန်းသော အရဟတ္တဖိုလ်သို့၊ ပညာဝိမုတ္တိ၊ ပညာပြဋ္ဌာန်းသော အရဟတ္တဖိုလ်သို့၊ ဒိဋ္ဌေဝဓမ္မေ၊ ပစ္စက္ခဓမ္မေ။ ယခု

www.dhammadownload.com



ပစ္စက္ခဉာဏ်၊ သယံ–ကိုယ်တိုင်။ အဘိညာယ–သိ၍၊ သိစ္ဆိကတွာ–မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ–ကပ်ရောက်၍၊ ဝိဟာရတိ–မင်းတို့ မုချနေရ၏တဲ့ ...(မှန်လှပါဘုရား)။

ကဲ...ဒကာ ဒကာမတို့ ကြားမခိုရင် ရတယ်...(ရပါတယ်ဘုရား) ဒါက ဒကာကြွယ် ဘုရားဟောနော်...(မှန်ပါ့ဘုရား) ဘုန်းကြီးက စကားနားလည်မှုကိုသာ ဖြည့်စွက်တယ်၊ အဓိပ္ပာယ်ကတော့ ဘုရားဟော ...(မှန်လှပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

## ဉာဏ်မထက်တဲ့ပုဂ္ဂိုလ် ဒီဘဝ

ဒါဖြင့် ကိလေသာ ကြားမခိုလို့ရှိရင်ဖြင့် ခုနစ်ရက်တောင် မပြောဘူး ဘုရားက...(မှန်ပါ့) ဒီခဏမှာ ရမယ်ကွ၊ ဒီဘဝမှာ ရမယ်ကွ– ဒါပဲ...(မှန်ပါ့) ထက်တဲ့ပုဂ္ဂိုလ် ဒီခဏ၊ မထက်တဲ့ ပုဂ္ဂိုလ် ဒီဘဝ..(မှန်ပါ့) ရှင်းပလား ..(ရှင်းပါပြီဘုရား)။

## ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ဒီခဏ

ထက်တဲ့ပုဂ္ဂိုလ်...(ဒီခဏမှာပါဘုရား) မထက်တဲ့ပုဂ္ဂိုလ် ...(ဒီဘဝမှာပါဘုရား)။

ဒီဘဝဆိုတော့ ဒကာ ဦးလှဘူးတို့ အားငယ်စရာပါသေးလား ...(မပါ–ပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် အာသဝေါတရား ကုန်ပုံလေး၊ ခုနင်က အာသဝေါ တရားဆက်သွားတယ်နော်...(မှန်ပါ့) အခုတော့ အာသဝေါ တရား ကုန်ပုံကလေးဆိုတော့ ဒကာ ဒကာမတွေ ဖြစ်ပျက်ထဲမှာ ဒီက မဂ္ဂင်ငါးပါးက ဉာဏ်ကချည့် သက်နေတယ်...(မှန်ပါ့) ဉာဏ်ကချည့်သက်နေတော့ ဒါက ခန္ဓာ...(မှန်ပါ့) ခန္ဓာထဲမှာ ခန္ဓာ က ဖြစ်ပျက်၊ ဉာဏ်က ဒီဘက်ချည့် သက်ဝင်နေတယ်...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ) ဉာဏ်က ဝေဒနာထဲချည့် သက်ဝင်နေတယ်ထားပါ...(မှန်ပါ့)။

ဒီထဲမှာ ဒကာ ဒကာမတွေက ကိစ္စကလေး ကျင်ကြီးစွန့် ချင်တယ်၊ ကျင်ငယ်စွန့်ချင်တယ်ဆိုတဲ့ ကိစ္စတွေ နာကျင်တဲ့ကိစ္စ တွေ မလာဘူးလား ...(လာပါတယ်ဘုရား)။

## နာတာ၊ ကျင်တာ ဖြစ်ပျက်ရှုပါ

လာတော့ ဒီဟာကို အနိစ္စဆိုပြီး နာတာ၊ ကျင်တာ ကလေးကို ဖြစ်ပျက်ရှုပါ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ). ခုနင် တုန်းကတော့ မနာ၊ မကျင်တဲ့ အနိစ္စရှု...(မှန်ပါ့) အခုတော့ ဘာပါလိမ့်...(နာတာ၊ ကျင်တာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

နာတာ၊ ကျင်တာကလေး ဖြစ်ပျက်ရှုတယ်...(မှန်ပါ့ ဘုရား) ပျင်းလာရင် ပျင်းတဲ့ခမ္မကလေး ဘာလုပ်ကြမယ်...(ဖြစ်

www.dhammadownload.com



ပျက်...ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ အရင်တုန်းကလည်း ဖြစ်ပျက်ပဲ... (မှန်ပါ့) အခုရှုတော့လည်း ...(ဖြစ်ပျက်ပါပဲ) ဩော်...တစ်ပါး သောတရား ရောသေးသလား ...(မရောပါဘုရား)။

ဒီကြားထဲ ဘာမှမရောဘူး ...(မရောပါဘုရား) ဒါလည်း ဖြစ်ပျက် မဂ်၊ နောက်ဆက်လာတာတွေကော...(ဖြစ်ပျက်မဂ်ပါ ဘုရား)။

ဖြစ်ပျက်မဂ်ဆိုတော့ ဒကာကြွယ်တို့ ဦးမာဒင်တို့ ရောသေးသလား ..(မရောပါဘုရား)။

ဟာ...မရောလို့ရှိရင်ကွာတဲ့၊ "သောအာသဝါနံ ခယာ" တဲ့ ဒကာ ဒကာမတို့ ဒီဉစ္စာ မရောကတည်းကကွာ...တဲ့ ဝေဒနာ ပစ္စယာ တဏှာဆိုတဲ့ ကာမာသဝ, ဘဝါသဝ လာသေးရဲ့လား ...(မလာပါဘုရား) ဖြစ်ပျက်မြင်တော့ ဒိဋ္ဌာသဝကော...(မလာပါ ဘုရား)။

## အာသဝတွေ ချုပ်သွားတယ်

ဖြစ်ပျက် မြင်ကတည်းက ငါ-ငါ့ဉစ္စာ ဟုတ်သေးရဲ့လား ...(မဟုတ်ပါဘုရား) အင်း ...ဖြစ်ပျက်မြင်တာသည် သိလို့လား ...မသိလို့လား ...(သိလို့ပါဘုရား) အင်း ...သိလို့ဖြစ်တဲ့အတွက်

www.dhammadownload.com



မသိတဲ့ အဝိဇ္ဇာသဝကလည်း ချုပ်တယ်...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီကနေ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတွေ ချုပ်သွားတယ်...(ချုပ်သွားပါတယ် ဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ အနိစ္စချင်း ဉာဏ်ကဆက်သွားလို့ ...(မှန်ပါ့ဘုရား) ပထမရှုနေတဲ့ အနိစ္စထဲမှာလည်း ဒီဉာဏ်ကသက်တယ်...(သက် ပါတယ်ဘုရား)။

နောက် ကြားထိုးအနိစ္စထဲမှာလည်း ...(ဒီဉာဏ်က သက်ပါတယ်) ဒီဉာဏ်က ပြန်သက်တာပဲ...(မှန်ပါ့) ဒီအထဲပဲ ပြန်ဝင်တယ်...(ဝင်ပါတယ်ဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

## အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန်

အဲဒါကြောင့်တဲ့ မင်းတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီ အနိစ္စထဲမှာ သက်သွားတော့ အနိစ္စမှန်းသွားပြီ...(မှန်ပါ့) နောက်တော့ ဒီအနိစ္စကြီးဟာ မဆုံးပေဘူးလား ...(ဆုံးပါတယ် ဘုရား) ဆုံးသည်နှင့် တစ်ပြိုင်နက်တည်း ဒီဘက်ကနိဗ္ဗာန်တွေ့ တယ်...(မှန်ပါ့) အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန်...(မှန်ပါ့)။

www.dhammadownload.com



နိစ္စနိဗ္ဗာန်လည်း တွေ့ပါရော လေးခါလောက်တွေ့ရင် ဒီအာသဝေါတရား အကုန်ကုန်တယ်...(မှန်ပါ့) ပထမတစ်ခါတွေ့ ရင် ဒိဋ္ဌာသဝ ကုန်ပါတယ်...(မှန်ပါ့) ကာမာသဝ လေးပိုင်းတစ် ပိုင်း ကုန်ပါတယ်...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ ဘုရား)။

## နေ့ညမရွေး အနိစ္စလို့ရှု

အင်း ...ဒီလိုနဲ့ပဲ ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဖြင့် နေ့မရွေး၊ ညမရွေး မင်းတို့သည်ကား လို့ဆိုရင်ဖြင့် အနိစ္စလို့ရှု ... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီ ဘုရား) အနိစ္စလို့မှတ်၊ အနိစ္စလို့ ...(သိရပါမယ်ဘုရား) သဘော ကျပလား ...(ကျပါပြီဘုရား)။

အဲဒီမှာ ကိလေသာ ကြားမခိုဘဲနဲ့ ဒီသုံးခု ညီကြပါမူ ကား၊ ဒီဘဝ ဒီခဏမှာ အာသဝေါကုန်တယ်...(မှန်ပါ့ဘုရား)။

နောက်ပိုင်းက ဘာတွဲတုံး ...(အာသဝေါ ကုန်ပါတယ် ဘုရား) လာနေကြ အာသဝတွေ လာနိုင်သေးရဲ့လား ...(မလာ နိုင်ပါဘုရား)။

ဒါဖြင့် အာသဝေါ ကုန်ရပါလိမ့်၏ဆိုလို့ ကုန်တာလား၊ ဒကာ ဒကာမတို့ ဖြစ်ပျက်နဲ့၊မဂ်နဲ့ ကြားထဲ ကိလေသာမခိုလို့

www.dhammadownload.com



ကုန်တာလား ...(ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲ ကိလေသာမရှိလို့ ကုန်တာပါဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲ ကိလေသာ ကြားရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါဖြင့် ရှိလာပြန်လို့ရှိရင်လည်း ဘာလုပ်ကြမတုံး ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား) အရှိလာတာလား၊ အရှုခံလာတာလား ...(အရှုခံလာတာပါဘုရား)။

## ညအားထုတ်ရင် မနက်ရတယ်

အဲဒီလို လုပ်ကြမယ်ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ည့အားထုတ်ရင် မနက်ရမယ်...(မှန်ပါ) အခု ဥပမာမယ် ၇ နာရီနဲ့ ၅ မိနစ်မှာ အားထုတ်တယ်၊ ၇ နာရီနဲ့ ၁၀ မိနစ်လည်း သူရနိုင်တယ်...(မှန်ပါ) အားငယ်စရာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။

အဲဒီတော့ တိဟိတ်တွေ ဒွိဟိတ်တွေ ရွေးမနေနဲ့ ခင်ဗျားတို့ ဒီသာသနာနဲ့ကြုံ ဟုတ်လား ...(မှန်ပါ)။

ဒီတရားမျိုး သစ္စာတရားမျိုး နာနိုင်ကြမယ်၊ ဒီ–ဖြစ်ပျက်မြင်တယ်ဆိုရင် တိဟိတ်သာမှတ်...(မှန်ပါ) ရမှာပဲ..(မှန်ပါ) ဘာမှ အားငယ်စရာ လိုသေးရဲ့လား ...(မလိုပါဘုရား)။

www.dhammadownload.com



ဒါမှ အားမထုတ်ကြတော့ဘူးလို့ ဒကာ ဒကာမတွေ ဆိုမယ်ဆိုလို့ရှိရင်ဖြင့်၊ ပျင်းကြမယ်ဆိုရင်ဖြင့် ခန္ဓာကိုယ်နဲ့ ဒယ်အိုးထဲ ဆပ်ရလိမ့်...(မှန်ပါ)။

ဘာနဲ့ဆပ်ကြမှာလဲ...(ခန္ဓာကိုယ်နဲ့ ဒယ်အိုးထဲဆပ်ကြရမှာပါဘုရား) ဘယ်လောက်ကြာကြာ ဆပ်ရမှာတုံး ..(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်တဲ့ဥစ္စာ ဆပ်ရမယ်...(မှန်ပါ) ဒါ့ကြောင့် ဒကာ ဒကာမတွေ ဉာဏ်နဲ့ အဲဒါတွေကို ချေမှုန်းပစ်ပါ...(မှန်ပါ့ဘုရား)။

## ကိလေသာကို ဉာဏ်နဲ့ ချေမှုန်းပစ်ပါ

ဉာဏ်နဲ့ ကိလေသာတွေကို ဘာလုပ်ပစ်ရမလဲ...(ချေမှုန်းပစ်ရပါမယ်ဘုရား)။

ဟာ...ဒါဖြင့် ကိလေသာ ချေမှုန်းတော့ ကံတွေက ကိလေသဝဋ်ရှိမှ ကမ္မဝဋ် ရှိတယ်...(မှန်ပါ)။

ကိလေသာ ချေမှုန်းတော့ ကံတွေဘာဖြစ်သွားသတုံး ... (ပြတ်ပါတယ်) ကံပြတ်ပေါ့ ဟို...ခန္ဓာနဲ့ အချေးဆပ်ရမည့် အပါယ်ထဲမှာ ဒကာ ဒကာမတို့ ဝိပါကဝဋ်ကြီးက လာဦးမှာလား ...(မလာပါဘုရား)။

www.dhammadownload.com



ဒါကြောင့် ဒီ အာသဝဆိုတဲ့ ကိလေသာတွေကို ခင်ဗျားတို့ ဉာဏ်နဲ့ဆပ်ပစ်လိုက်တဲ့အတွက် ဖျက်ပစ်လိုက်တဲ့အတွက် ခင်ဗျားတို့ ကိလေသဝဋ် ကျွတ်ပါတယ်...(မှန်ပါ့ ကျွတ်ပါတယ် ဘုရား) ကိလေသဝဋ် ကျွတ်တဲ့ပုဂ္ဂိုလ်ဟာ ကမ္မဝဋ် လာမြဲဓမ္မတာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။ ဝိပါကဝဋ် ဖြစ်မြဲဓမ္မတာ... (မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်ရှိတဲ့ ဝဋ်ကို ကိုယ်ကျွတ်ရတဲ့ အလုပ်ကိုဖြင့် မည်သူတစ်ဦးတစ်ယောက်မှ ငဲ့မနေဘဲနဲ့ ကိုယ့်အရေးကိုယ်ကြည့်ပြီး ဒီအတိုင်း ကြိုးစားရမယ်...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း ... ယနေ့ ဒီတွင် တော်ကြဦးစို့ ...။

သာဓု ... သာဓု ... သာဓု ။